ရောင်လမ်း

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့။ Friday, 17 March 2023 ၁၁၀၄၂

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အင်းလေးဒေသသို့ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု များပြားလာ

ညောင်ရွှေ မတ် ၁၆

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်းရှိ အင်းလေးကန်သည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်တစား လာရောက်လည်ပတ်သည့် သဘာဝရေချိုကန် ခရီးသွားဒေသတစ်ခုဖြစ်ပြီး လွန်ခဲ့သည့် နှစ်အနည်းငယ်ကကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် ခရီးသွားလုပ်ငန်းများ ရပ်နားထားခဲ့ရာမှ ယခုနှစ်နွေရာသီတွင် အင်းလေးဒေသအတွင်းသို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ပြန်လည်ဝင်ရောက် လည်ပတ်လာသည်ကို တွေ့ရသည်။

"ကလေးတွေ နွေရာသီကျောင်းပိတ်ရက်မှာ မိသားစုနဲ့ ဘုရားဖူးထွက်တာပါ။ ကလေးတွေက အင်းလေးကန်မှာ လှေစီးချင်တယ်၊ ဖောင်တော်ဦးဘုရားဖူးချင်တယ်ဆိုလို့ လိုက်ပို့ပေးတာပါ။ လွန်ခဲ့တဲ့နှစ်အတော်ကြာတုန်းက အင်းလေးကန်ကို ရောက်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ဖောင်တော်ဦးဘုရားပွဲကာလနဲ့ တိုက်ဆိုင်တော့ အတော်လေးကို စည်စည်ကားကားဖြစ်နေတာ ကြုံခဲ့ရပါတယ်။ အခုတော့ အင်းရေပြင်ကျယ်ကျယ်ကြီးကို သန့်သန့်ရှင်းရှင်းတွေ့ရတယ်။ ဖောင်တော်ဦးဘုရားကိုလည်း အေးအေးဆေးဆေး ဖူးခဲ့ရတယ်။ တခြားဘုရားဖူးဧည့်သည်တွေလည်း တွေ့ခဲ့ရပါတယ်"ဟု မိသားစုနှင့် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည် မခင်ချိုဝင်းက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ ဖတ်စရာ

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights – UDHR)နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ ဆောင်ရွက်ချက်များ သတင်းထုတ်ပြန်ချက်

စာမျက်နှာ » ၉

စားရေရိက္ခာဖူလုံဖို့ တိုင်းရင်းငါးပြေများ မွေးမြူထုတ်လုပ်ကြပါစို့

ဆောင်းပါး စာမျက်နှာ » ၆



၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့တွင် ပထဝီဝင်ဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၃၉၆၁၇ ဦးရှိ

စာမျက်နှာ » ၈

အိန္ဒိယနိုင်ငံက ပထမဆုံး လူသားလိုက်ပါသည့် အာကာသလေ့လာရေးယာဉ် လွှတ်တင်မည်

စာမျက်နှာ » ၁၃

လျှပ်စစ်သုံးယာဉ် Battery Electric Vehicles (BEVs) များအား ကနဦးမှတ်ပုံတင်ဆောင်ရွက်ရန် အသိပေးကြေညာချက်

စာမျက်နှာ » ၂



ကြက်ငှက်တုပ်ကွေးအန္တရာယ် သတိရှိစေဖွယ်

ဆောင်းပါး

စာမျက်နှာ » ၁၇

ကြေးမုံ

အမျိုးသားနိုင်ငံရေးဦးဆောင်မှုတွင် ကျေပွန်စွာထမ်းရွက်နေသည့်တပ်မတော်

မြန်မာ့တပ်မတော်သည် ရှေးအစဉ်အဆက် သမိုင်းကြောင်းအစဉ်အလာထူးကဲကောင်းမွန်ခဲ့သည့်တပ်မတော်ဖြစ်သည်။ တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတွင် ပြည်သူတို့နှင့်လက်တွဲကာ လွတ်လပ်ရေးကို ရယူပေးခဲ့သည်။ လွတ်လပ်ရေးရပြီးသောအခါတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးအား အစဉ်ဦးထိပ်ထားကာ မျက်မှောက်ကာလအထိ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် နိုင်ငံရေးအရ သဘောကွဲလွဲမှုများ၊ အယူဝါဒရေးအရ သဘောကွဲလွဲမှုများကြောင့် ဖြစ်ပေါ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်၍ အားလုံးသည် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများ ဖြစ်သည်ဟူသည့်ခံယူချက်ဖြင့် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းဖြေရှင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာဝပြောရေးအတွက် ထာဝရငြိမ်းချမ်းရေးကို ဦးတည်တက်လှမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတစ်လျှောက်တွင် ပြည်တွင်း/ပြည်ပအန္တရာယ်များကို တွန်းလှန်ကာကွယ်ပေးနိုင်ခဲ့သလို နိုင်ငံရေးအယူအဆကွဲလွဲမှုများကြောင့် ပြည်ထောင်စုပြိုကွဲနိုင်သည့်အန္တရာယ်များနှင့် ကြုံတွေ့ရသည့်အခါတိုင်း နိုင်ငံတော်၏တာဝန်ကို ရယူပြီး ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ ပြည်တွင်း/ ပြည်ပအန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာချိန်တွင်လည်း တပ်မတော်သည် ရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်၍ ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ တပ်မတော်သည် ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးနိုင်ရေးကို လမ်းခင်းပုံဖော်ပေးခဲ့သည်။ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင်လည်း ပြည်သူများအတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ပြည်သူများ၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီစနစ် တည့်မတ်ခိုင်မာရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးရာတွင် ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလ၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွင် တိုးတက်မှုများ ရှိခဲ့သော်လည်း ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလ၌ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ အားနည်းချက်များရှိခဲ့သောကြောင့် ရွေးကောက်ခံအစိုးရအပေါ် ပြည်သူတို့၏ အားထားယုံကြည်မှု လျော့နည်းကျဆင်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည်ကို ဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်အာဏာကို အဓမ္မရယူရန်ကြိုးပမ်းခဲ့သဖြင့် နိုင်ငံတော်အား နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်က နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်သော်လည်း နိုင်ငံတော်တွင် ပေါ်ပေါက်လာသည့် နိုင်ငံရေးအခြေအနေများအရ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားများအားပျက်ပြားထိခိုက်မှုများရှိလာနိုင်ပါက မျက်ကွယ်ပြုခြင်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။ တပ်မတော်သည် နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်ရာ၌ ရေပြင်၊ မြေပြင်၊ ဝေဟင်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းရွက်နိုင်ရန်အတွက် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ရှိသော ခေတ်မီတပ်မတော်အဖြစ် အစဉ်ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင်လည်း ပါဝင်တည်ဆောက်ပေးလျက်ရှိသည်။ ထိုသို့တည်ဆောက်ထားနိုင်ခြင်းတို့ကြောင့်သာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ ပြည်ထောင်စုကြီးမပြိုကွဲ၊ မယိုင်မလဲရှိနေခြင်းဖြစ်သည်။

သို့ဖြစ်ရာ အစဉ်အလာကြီးမားသော မြန်မာ့တပ်မတော်သည် ပြည်သူများနှင့် လက်တွဲပူးပေါင်း၍ လွတ်လပ်ရေးကို အရယူပေးခဲ့သလို ရရှိပြီးသောလွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရန်လည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံတော်၏ သမိုင်းကြောင်းအခြေအနေနှင့် နိုင်ငံရေးအခြေအနေများအရ ဖြစ်ပေါ်လာသည့် ပြဿနာများနှင့်လိုအပ်ချက်များကို ပါဝင်ဖြေရှင်းဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်၍ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ကြိုးပမ်းထမ်းဆောင်နေခြင်းဖြစ်ပါကြောင်း။ ။

(၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

လျှပ်စစ်သုံးယာဉ် Battery Electric Vehicles (BEVs) များအား ကနဦးမှတ်ပုံတင်ဆောင်ရွက်ရန် အသိပေးကြေညာချက်

❖ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လျှပ်စစ်သုံးယာဉ် Battery Electric Vehicles (BEVs) များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကနဦးမှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

❖ လျှပ်စစ်သုံးယာဉ် (BEVs)များ ကနဦးမှတ်ပုံတင်ဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှစ၍ ကျင့်သုံးဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီးလိုင်စင်ဖြင့် ယာဉ်အိုယာဉ်ဟောင်းအပ်နှံသော မော်တော်ယာဉ်များကိုသာ ရန်ကုန်လိုင်စင်ထုတ်ပေးရန် ညွှန်ကြားချက်အတိုင်း ဆက်လက်ကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ ရန်ကုန်တိုင်းဒေသကြီးလိုင်စင်ဖြင့် မှတ်ပုံတင်ဆောင်ရွက်လိုသော လျှပ်စစ်သုံးယာဉ်များအတွက် ရန်ကုန်တိုင်းဒေသကြီးလိုင်စင်ဖြင့် ယာဉ်အိုယာဉ်ဟောင်းအပ်နှံစလစ် (ပုံစံ- ၀၁) လိုအပ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆ - ၃ -၂၀၂၃)

ကုမ္ပဏီ အမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၁၀၀	၈,၃၀၀	၁,၃၀၃	၁၀,၅၅၄,၅၀၀
MTSH	၃,၂၀၀	၃,၁၅၀	၈၆၂	၂,၇၁၇,၈၅၀
MCB	၇,၅၀၀	၇,၃၀၀	၁၉၁	၁,၃၉၄,၅၀၀
FPB	၁,၆၀၀	၁,၆၀၀	၁,၁၄၈	၁,၈၃၆,၇၀၀
TMH	၂,၅၅၀	၂,၅၅၀	၁၂	၃၀,၆၀၀
EFR	၂,၆၅၀	၂,၇၀၀	၁၂၁	၃၂၆,၆၀၀
AMATA	၄,၉၀၀	၄,၉၀၀	၁၉၁	၉၃၅,၆၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၆

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၂၂၉.၃
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၄.၄၄
(ဃ) ထိုင်း	တစ်ဘတ်	=	၆၁.၀၂၉
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၆၆.၂၅
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၃၇၂
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၃၉၄.၉
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၅၈.၆
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၅၈၀.၂
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၆၀.၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း သတင်းထောက်များ	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြင့၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆ဂ-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆ဂ-၃၆၁၂၈၊ ၀၆ဂ-၃၆၁၃၀၊ ဖက်စ် ၀၆ဂ-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

(၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနကို ဂုဏ်ယူစွာဖြင့် အသိအမှတ်ပြုသကဲ့သို့ နောင်တွင်လည်း ဆက်လက်ဂုဏ်ယူရမည့် ဦးစီးဌာနတစ်ခုအဖြစ် ဆက်လက်ကြိုးစားဆောင်ရွက်

နေပြည်တော် မတ် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဧရယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ထူးချွန်ဆုရဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ (၅၁)နှစ်တာဖြတ်သန်းလာခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု Video Clip ကို ပြသသည်။

အမှာစကားပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် တိုင်းရင်းသားပြည်သူများအား စာပေဗဟုသုတ တိုးပွားစေရေးအတွက် လူထုမီဒီယာမှတစ်ဆင့် စာပေဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ ပုံနှိပ်ခြင်းဆိုင်ရာများကို သတ်မှတ်ချက်များနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်၏တစ်ခုတည်းသော ပုံနှိပ်ဌာနတစ်ခုဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြစ်သည့် ပြည်သူလူထုကို သတင်းအချက်အလက်ပေးရန်၊ အသိပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဆိုသည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်ရှိ ဌာနခွဲတစ်ခုဖြစ်သည့် စာပေဗိမာန်လုပ်ငန်းသည်လည်း အပါအဝင်ဖြစ်ကြောင်း၊ စာပေဗိမာန်ကဏ္ဍများအနေဖြင့် ပြည်သူများ ဗဟုသုတရှိစေမည့် စာအုပ်စာပေများ ထုတ်ဝေခြင်း၊ ရောင်းချခြင်း၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ စာပေစကားဝိုင်များ၊ စာပေဆွေးနွေးပွဲ ကျင်းပခြင်းနှင့်အတူ စာပေဆုချီးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ခံစစ်မှူးကောင်းများသဖွယ်

နိုင်ငံ့ဝန်ထမ်းကောင်းများအနေဖြင့် ပြည်သူကို ပေးဆပ်ရမည်ဟုခံယူပြီး ရိုးသားစွာဖြင့် ပြည်သူ့အတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဝန်ကြီးဌာန၏လုပ်ငန်းများကို နောက်တန်းမှ ခံစစ်မှူးကောင်းများသဖွယ် ပံ့ပိုးကူညီနေကြသူများ ဖြစ်ကြောင်း၊ (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနကို ဂုဏ်ယူစွာဖြင့် အသိအမှတ်ပြုသကဲ့သို့ နောင်တွင်လည်း ဆက်လက်ဂုဏ်ယူရမည့် ဦးစီးဌာနတစ်ခုအဖြစ် ဆက်လက်ကြိုးစား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ဝန်ထမ်း ၈၆၂ ဦးအတွက် ငွေကျပ် ၈၉ သိန်းတန်ဖိုးရှိဝတ်စုံများကို ထောက်ပံ့ပေးအပ်ရာ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်က လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ(မန္တလေး)မှ ရုံးအုပ်(စီမံ) ဒေါ်မြတ်မွန်ဖြိုးနှင့် စီမံရေးရာဌာနခွဲ နေပြည်တော်(ရုံးချုပ်)မှ အကြီးတန်းစာရေး(စီမံ) ဒေါ်အေးသန္တာဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အောင်ဆန်းပုံနှိပ်စက်ရုံရှိ ပတ်လည်စက် Web Offset (Goss)အား Black And White ပုံနှိပ်လုပ်ငန်းတွင် ပြန်လည်အသုံးပြုနိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့သည့် ဝန်ထမ်းသုံးဦးအားလည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းကျော်အောင်က ကျောင်းသုံးဖတ်စာအုပ်လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသည့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံနှင့် နေပြည်တော်ပုံနှိပ်စက်ရုံ (ဧရယျာသီရိ)တို့မှ ဝန်ထမ်းလေးဦးတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား စက်ဘီးနှစ်စီးနှင့် ငွေသားဆုမဲများကို ပျော်ရွှင်စွာ ကံစမ်းမဲဖောက်ပေးကြပြီး ဆုရရှိသည့် ဝန်ထမ်းများအား ဆုများပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ (၅၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ကံစမ်းမဲပေါက်သည့်ဝန်ထမ်းတစ်ဦးအား ဆုပေးအပ်စဉ်။

အင်းစိန်မြို့နယ်၌ ပြည်သူများအား မကူးစက်နိုင်သောရောဂါများ ရှာဖွေကုသရေးနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကို ကူညီစောင့်ရှောက်နိုင်စေရန် ရည်ရွယ်၍ မကူးစက်နိုင်သော ရောဂါများ ရှာဖွေကုသရေးနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးလွင်၏ ဦးဆောင်မှုဖြင့် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မကူးစက်နိုင်သော ရောဂါများ ရှာဖွေကုသရေးဌာန၏ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ အဆုတ်လေပြွန်ရောင်ရောဂါ၊ ခံတွင်းကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာရောဂါ စမ်းသပ်ခြင်းများကို မြို့နယ်အတွင်းနေ ပြည်သူ ၂၄၉ ဦးအား စစ်ဆေးနိုင်ခဲ့သည်။

ထို့ပြင် လေ့ကျင့်ခန်းလုပ်ခြင်းသည် ဆေးသောက်ခြင်းကဲ့သို့ ကောင်းမွန်ကြောင်း၊ စားသောက်နေထိုင်မှုပုံစံ အရေးကြီးကြောင်း၊ ဆေးသောက်မှုမှန်ကန်ရန်၊ ပုံမှန်ကုသမှုခံယူရန် လိုအပ်ကြောင်း စသည့် ကျန်းမာရေးအသိပညာပေး သိကောင်းစရာများကို ဟောပြောပြီးနောက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ လူနာများက ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

✪ ရှေ့ဖုံးမှ

လက်ရှိကာလတွင် ခရီးသွားဇည့်သည်များ တစ်စတစ်စ လာရောက်နေကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက ပိုမိုအဆင်ပြေလာကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကာလ ပြီးဆုံးချိန်နှင့် သင်္ကြန်ကာလများတွင် ဇည့်သည်များ ပိုမိုဝင်ရောက်လာမည်ဟု မျှော်လင့်ရကြောင်း၊ အင်းလေးဒေသသို့ လာရောက်လည်ပတ်သည့် ဇည့်သည်အဝင်များမှသာ မိမိတို့လုပ်ငန်းရော အင်းလေးကန်အတွင်း အသက်မွေးဝမ်းကျောင်းလုပ်နေကြသူများပါ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ခရီးသွားစက်လေ လုပ်ငန်းလုပ်ကိုင်နေသူ ဦးရွှေထွန်းက ပြောသည်။

အင်းလေးဒေသအတွင်းသို့ လာရောက်လည်ပတ်ကြသော ခရီးသွားဇည့်သည်များသည် ညောင်ရွှေမြို့နှင့်ဝန်းကျင်ရှိ ညောင်ရွှေဟော်နန်း၊ ဒေသရိုးရာ စားသောက်ဆိုင်များ၊ ဈေးနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ မိုင်းသောက်တံတား၊ ရွှေရန်ပြေရှေးဟောင်းဘုန်းတော်ကြီးကျောင်း စသည့်နေရာများသို့ လည်ပတ်ကြသည်။ ယင်းအပြင် ညောင်ရွှေမြို့ရှိ စက်လှေဆိပ်များ၊ နန်းပန်မြို့ ဈေးလှေဆိပ်၊ ခေါင်တိုင်ကျေးရွာ စက်လှေဆိပ်များနှင့် အခြားစက်လှေဆိပ်များမှ တစ်ဆင့် အင်းလေးကန်အတွင်းသို့ စက်လှေစီး၍ သွားရောက်ကာ ဖောင်တော်ဦးဘုရားနှင့် အခြားစေတီပုထိုးများကို ဖူးမြော်ကြပြီး ရက်ကန်းလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်း၊ မုန့်လုပ်ငန်းများကို စိတ်ဝင်တစားသွားရောက်လေ့လာကြကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

မြန်မာနိုင်ငံရှိ သံသတ္တုရိုင်း ထွက်ရှိရာဒေသများနှင့် အသုံးပြုနိုင်သည့် သံနှင့်သံမဏိ ထုတ်လုပ်သည့် နည်းစဉ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သစ်/ဝါး ပေါက်ရောက်မှုအခြေအနေများပေါ်မူတည်၍ ပျော့ဖတ်စက်ရုံများ တည်ထောင်နိုင်ရေးတို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

နေပြည်တော် မတ် ၁၆

မြန်မာနိုင်ငံရှိ သံသတ္တုရိုင်း ထွက်ရှိရာဒေသများနှင့် အသုံးပြုနိုင်သည့် သံနှင့်သံမဏိ ထုတ်လုပ်သည့် နည်းစဉ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အလိုက် သစ်/ဝါး ပေါက်ရောက်မှု အခြေအနေများ အပေါ်မူတည်၍ ပျော့ဖတ်စက်ရုံများ တည်ထောင်နိုင်ရေးတို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

အစည်းအဝေးတွင်စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုအချိန်တွင် မြန်မာနိုင်ငံ၏ သံနှင့်သံမဏိထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံပိုင်အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနတွင် စက်ရုံတစ်ရုံ၊ စက်မှုဝန်ကြီးဌာနတွင် စက်ရုံနှစ်ရုံနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတွင် စက်ရုံ သုံးရုံရှိကြောင်း၊ ပုဂ္ဂလိကအနေဖြင့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ပြုလုပ်ထားသည့် သံရည်ကျိုလုပ်ငန်းပေါင်း ၃၆၂ ခုဖြင့် မြန်မာနိုင်ငံ၏ သံနှင့်သံမဏိလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး သံနှင့်သံမဏိထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အားပေးဆောင်ရွက်ပေးမှုဖြင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)ရှိ သံရည်ကျိုအလုပ်ရုံ (Melt Shop-1)ကို ယခုလအတွင်း ပြန်လည် လည်ပတ်၍ သံမဏိလေးထောင့်တုံး (Steel Billet) ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)တွင် သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်စဉ်သံမဏိတန်ချိန်သုံးသန်းခန့် လိုအပ်သော်လည်း ပြည်တွင်း၌ တစ်နှစ်လျှင် တစ်သန်းခန့်သာ ထုတ်လုပ်နိုင်သည့်အတွက် သံမဏိတန်ချိန်နှစ်သန်းခန့်ကို ပြည်ပမှနိုင်ငံခြားငွေ တစ်ဘီလီယံကျော်ခန့် သုံးစွဲ၍ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် သံနှင့်သံမဏိထုတ်လုပ်သည့် နည်းစဉ်များနှင့် ပတ်သက်၍ လေ့လာသိရှိထားသည်များကို အကြံပြုဆွေးနွေးပေးပါရန် ဖိတ်ခေါ်ပါကြောင်း။

ပျော့ဖတ်စက်ရုံများ တည်ထောင်ရမည်

ပျော့ဖတ်စက်ရုံများ တည်ထောင်နိုင်ရေးနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သစ်/ဝါး ပေါက်ရောက်မှု အခြေအနေပေါ်မူတည်ပြီး ပျော့ဖတ်စက်ရုံများကို ဝါး/သစ် ကုန်ကြမ်းများ လွယ်လွယ်ကူကူနှင့် သယ်ယူထုတ်လုပ်နိုင်သည့် နေရာများ၊ ရေအရင်းအမြစ် အလွယ်တကူရရှိနိုင်မည့် နေရာများတွင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ စက်ရုံမှထွက်ရှိမည့် စွန့်ပစ်ရေများကို သန့်စင်ပြီး စနစ်တကျ ပြန်လည်စွန့်ထုတ်ရန် လိုအပ်သည့်အတွက် စက်ရုံတည်ဆောက်ရန် မြေနေရာရွေးချယ်မှုသည် အရေးကြီးကြောင်း၊ လိုအပ်သည့် ကုန်ကြမ်းများရရှိနိုင်ရေး လွယ်ကူလက်လှမ်းမီသည့် နေရာများနှင့် ရေ၊ လျှပ်စစ်ဓာတ်အား၊ လောင်စာအရင်းအမြစ်များရရှိနိုင်ရန် လွယ်ကူသည့်နေရာများတွင် ရွေးချယ်ပြီး ပျော့ဖတ်စက်ရုံများ တည်ထောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဝါးအလုံးရေ ၂၆၅ သန်း ထုတ်လုပ်နိုင်မည်

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက စက္ကူစက်ရုံနှင့် ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် စာရင်းကောက်ယူထားသည့် ဝါးထွက်ရှိမှု ဧရိယာ ဧကအနေဖြင့် ၆၉ ဒသမ ၆ သန်း ရှိကြောင်း၊ တစ်နှစ်လျှင် ဝါးအလုံးရေ ၂၆၅ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း ၁၄၅ သန်းသာ ထုတ်လုပ်သုံးစွဲနေသည်ကို တွေ့ရှိရကြောင်း၊ ဝါးပေါက်ရောက်မှုဧရိယာ စာရင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူနိုင်မှုမရှိသေးသဖြင့် ဝါးအလုံးရေ ၂၆၅ သန်းထက် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် တင်ဒါစနစ်ဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်နိုင်ရန် တောနိမ့်၊ တောပါး ဧရိယာ ၃ ဒသမ ၆၅ သန်း ဧကရှိသည့်အတွက် စက္ကူစက်ရုံများ တည်ဆောက်နိုင်ရန်အတွက် ကုန်ကြမ်းများ လုံလောက်မှုရှိပါကြောင်း၊ စိုက်ခင်းများ တည်ထောင်စိုက်ပျိုးရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သံမဏိစက်ရုံများ တည်ဆောက်နိုင်ရေးနှင့် စက္ကူနှင့်ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန၏ လိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံရှိ သံသတ္တုရိုင်းထွက်ရှိရာ ဒေသများ၊ အသုံးပြုနိုင်သည့် သံနှင့်သံမဏိထုတ်လုပ်သည့် နည်းစဉ်များနှင့် သံမဏိစက်ရုံများ တည်ထောင်ဆောင်ရွက်သွားရန် ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရန်အတွက် အခြေခံလိုအပ်သော ကုန်ကြမ်းများ၊ အရင်းအမြစ်များ ကိုလည်းကောင်း၊ ဌာနဆိုင်ရာ အရာရှိကြီးများက သံမဏိစက်ရုံ၊ စက္ကူနှင့်ပျော့ဖတ်စက်ရုံများ တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် သစ်တောသယံဇာတနှင့်တွင်းထွက် သယံဇာတများ ထွက်ရှိမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တော်ဝင်မိုင်းယောင်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ပိုင် တန် ၃၀ ဆန်စက်က စပါးများ ကြိတ်ခွဲလျက်ရှိ

မိုင်းယောင်း မတ် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်ရှိ နန့်ယွန်းကျေးရွာ၌ တော်ဝင်မိုင်းယောင်း အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်ပိုင် တန် ၃၀ ဆန်စက်ကို ၂၀၂၂ ခုနှစ် သြဂုတ် ၂၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး အသင်းပိုင်ဆန်စက်လုပ်ငန်းအတွက် လိုအပ်သောစပါးများကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်စေရန်နှင့် ဒေသတွင်းဆန်ဖူလုံစေရန်အတွက် စပါးစိုက်တောင်သူများအား စုစည်း၍ သမဝါယမအသင်း ကိုးသင်းကို ဖွဲ့စည်းခဲ့ပြီး တောင်သူများနှင့် ချိတ်ဆက်၍ စပါးဝယ်ယူကြိတ်ခွဲလျက်ရှိသည်။

အသင်းအနေဖြင့် ဒေသခံတောင်သူများထံမှ ဒေသထွက်စပါးမှော်ဘီ - ၃ နှင့် ကောက်ညှင်းစပါးများ ဝယ်ယူ၍ အသင်းပိုင်ဆန်စက်တွင် တစ်ရက်လျှင် တန် ၃၀ အိတ် ၁၀၀၀ ကြိတ်ခွဲနိုင်ပြီး ဆန်လုံးချောများကို ကီလိုဂရမ်ဖြင့် အသင်းသားများနှင့် စားသုံးသူများထံသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသ၏ထွက်ကုန်၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးကို အခြေခံပြီး ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်

နေပြည်တော် မတ် ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ ယွန်းရက်ကန်းနှင့် ထုပ်ပိုးမှုပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၁၆)၊ ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် နှစ်စဉ်သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာ ၂၀၁၅ ခုနှစ်မှစ၍ ယနေ့အချိန်ထိ သုတေသနလုပ်ငန်းပေါင်းများစွာဆောင်ရွက်ခဲ့ပြီး သုတေသနစာတမ်းပေါင်း ၉၇ စောင်ကို ပြုစုထားရှိပြီးဟု သိရှိရပါကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသ၏ထွက်ကုန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးကို အခြေခံပြီး ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အကြီးအကဲများမှလည်း အားပေးဆောင်ရွက်နေသည့် အချိန်အခါဖြစ်ပါကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လိုအပ်လျက်ရှိသည့် အရင်းအနှီးအထောက်အပံ့များပေးနိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း ယနေ့နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဦးတည်ချက်နှင့် အညီ MSME လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ ယွန်းရက်ကန်းနှင့် ထုပ်ပိုးမှုပညာရပ်ဆိုင်ရာ စာတမ်းများဖြစ်သည့် ကြက်သွန်နီအခြေခံတန်ဖိုးမြှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာစာတမ်း၊ လက်ငင်ချည်ထုတ်လုပ်သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနစာတမ်း၊ The Future of Packaging စာတမ်း၊ ထုပ်ပိုးမှုဖြင့် စျေးကွက်ချဲ့ထွင်ခြင်းစာတမ်း၊ Vacuum Freeze Dryer အသုံးပြု၍ တန်ဖိုးမြှင့် သဘာဝသစ်သီးခြောက်များ စမ်းသပ်ထုတ်လုပ်ခြင်း၊ ထောပတ်သီးမှ အဆီအနှစ်(Oil Extract)များ ထုတ်ယူ၍ Herbal Cosmetic အလှကုန်ပစ္စည်းများ စမ်းသပ်သုတေသနပြုလုပ်ခြင်း၊ မြန်မာ့သစ်စေး အကြောင်းကိုလေ့လာခြင်းနှင့် စမ်းသပ်သုတေသနပြုလုပ်ခြင်း၊ ပဲပုပ်မှစားသောက်ကုန်များ သုတေသနပြု စမ်းသပ်ထုတ်လုပ်ခြင်း စသည့် စာတမ်းများကို အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ စာတမ်းရှင် ခြောက်ဦးနှင့် ပြင်ပမှ MSME လုပ်ငန်းရှင် နှစ်ဦးတို့မှ မတ် ၁၇ ရက်တွင် ဆက်လက်ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့သည့် လယ်ဝေးမြို့နယ် ရွှေပြည်သာကျေးရွာအုပ်စု ဝဲကြီးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာယာယီ ရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် ခင်မင်ရင်းနှီးစွာတွေ့ဆုံဆွေးနွေး၍ ဒေသခံပြည်သူများ၏ ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်လမ်း၊ စိုက်ပျိုးရေ ရရှိရေးနှင့် နည်းပညာလိုအပ်မှုတင်ပြချက်များ အပေါ် အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကျေးရွာတောင်သူများ၏ စိုက်ပျိုးမြေ ဧက ၃၈ ဧကကျော် အကျိုးပြုပေးလျက်ရှိသည့် မိုဘိုင်းဆိုလာစွမ်းအင်ဖြင့် စိုက်ပျိုးရေ ရရှိရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည့် လယ်ဝေးမြို့နယ် ဇီးဖြူတန်းကျေးရွာ၌ ဇီးဖြူတန်းကျေးရွာ၊ ဘိုကတော်ကျေးရွာ၊ ရှမ်းရွာကျေးရွာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် အသင်းဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်ပစျေးကွက်ဝင်သော စပါးနှင့် ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများအတွက် လိုအပ်လျက်ရှိသည့် သွင်းအားစုများကို ၁ ရာခိုင်နှုန်းဝန်ဆောင်မှုစရိတ်ဖြင့် ငွေမချေးဘဲ မြေသြဇာနှင့် ပိုးသတ်ဆေးရရှိရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြေသြဇာတန်ဖိုးနှင့်ညီမျှသော စပါးနှင့် ပဲတီစိမ်းများအား ပေါက်စျေးနှင့်အညီ ပြန်လည်ရောင်းချပေးဆပ်ရမည်ဖြစ်ကြောင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကြွေးကျန်ရှိသည့် တောင်သူများအနေဖြင့် ကြွေးကျန်ပမာဏ၏ ၂၅ ရာခိုင်နှုန်းအပါအဝင် မြေသြဇာတန်ဖိုးနှင့်ညီမျှသော စပါးနှင့် ပဲတီစိမ်းများအား ပေါက်စျေးနှင့်အညီ ပြန်လည်ရောင်းချ ပေးဆပ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သို့ပေးဆပ်ရမည့် ချေးငွေများ အပြေအကျေ ပြန်လည်ပေးဆပ်ပြီးမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

၁၃၈၄ ခု မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာကျင်းပနိုင်ရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ၏ (ဒုတိယအကြိမ်)ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၆

မြန်မာသက္ကရာဇ် ၁၃၈၄ ခု မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်တွင် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ၏ (ဒုတိယအကြိမ်)ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်စည်ပင်သာယာရေးကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပရာ မဟာသင်္ကြန် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ မဟာသင်္ကြန်ကျင်းပရေးဦးစီးကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပပြီး အများပြည်သူများ ယဉ်ကျေးပျော်ရွှင်စွာ ပါဝင်ဆင်နွဲနိုင်စေရန်နှင့် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် စိတ်အပန်းဖြေနိုင်စေရန်အတွက် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်နှင့် နေပြည်တော် ရေပန်းဥယျာဉ်တို့တွင် မြန်မာ့ရိုးရာနှစ်ကူးအတာသင်္ကြန်ပွဲတော်ကို စည်စည်ကားကားဖြင့် ကျင်းပမည်ဖြစ်ရာ သက်ဆိုင်ရာဦးစီးကော်မတီ အဖွဲ့ဝင်များနှင့် ဆပ်ကော်မတီအသီးသီးတို့မှ အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်၊ သင်္ကြန်ပွဲတော်အတွင်း လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာ ကော်မတီအလိုက် လုပ်ငန်းများလစ်ဟင်းမှုမရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီးက မြန်မာ့ရိုးရာနှစ်ကူးအတာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မဟာသင်္ကြန်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

သွားရောက်စစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် သင်္ကြန်မဏ္ဍပ်တွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို သွားရောက်စစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က သင်္ကြန်မဏ္ဍပ်တည်ဆောက်ရေးလုပ်ငန်းခွင်တွင် အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျဆောင်ရွက်ရန်၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ သင်္ကြန်ပွဲတော် ကျင်းပနေစဉ်အတွင်း ရေပက်ကစားရာတွင် ရေလုံ လောက်စွာ ရရှိစေရေးနှင့် အရန်ရေရရှိနိုင်မည့် အစီအစဉ်များကို ထည့်သွင်းစီစဉ် ဆောင်ရွက်ကြရန် တို့ကို မှာကြားခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးမြင့်စိုး လွိုင်ကော်မြို့ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် မတ် ၁၅ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အထက်အောက်အပြန်အလှန် လေးစားမှုဖြင့် ဌာနတွင်းစည်းလုံးညီညွတ်ရေး တည်ဆောက်၍ ရင်းနှီးချစ်ခင်စွာနေထိုင်ကြရန်၊ အခက်အခဲများရှိပါက တင်ပြကြရန်၊ ဘဝတိုးတက်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေကြိုးစားကြရန်၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိလာသည်နှင့်အမျှ ဦးစီးဌာနအလိုက် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် သမဝါယမစနစ်ကို အခြေခံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နယ်စပ်ရေးရာဝန်ကြီးဌာန အောက်ရှိ ပြည်နယ်/ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းရှိ သင်တန်းသူများနှင့် တွေ့ဆုံခဲ့သည်။ **သတင်းစဉ်**

စားရေရိုက္ခာဖူလုံဖို့ တိုင်းရင်းငါးပြေမများ မွေးမြူထုတ်လုပ်ကြပါစို့

ဝါဝါဖူး(Ph.D)-မွေး/သု(မန်း)

မြန်မာနိုင်ငံနှင့် ငါးစားရေရိုက္ခာအရင်းအမြစ်

မြန်မာနိုင်ငံ၌ ငါးစားသုံးမှုမှာ အသားစားသုံးမှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကျော်ရှိသည်။ ငါးမွေးမြူရေးသည် လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်း လျင်မြန်စွာတိုးတက်လာခဲ့ပြီး ရေသတ္တဝါမွေးမြူရေးလုပ်ငန်းသည် ကျေးလက်ဒေသနေပြည်သူများ ဝင်ငွေတိုးတက်လာစေရေး၊ ပြည်တွင်းစားသုံးသူများ လိုအပ်ချက်နှင့် စျေးကွက်တင်ပို့နိုင်မှုအခြေအနေများတွင် အလားအလာကောင်းများစွာရှိသည်။

ငါး၊ ယောက်သွား၊ ခရု စသောရေနေသတ္တဝါများနှင့် ရေတွင်ပေါက်ရောက်သော ပင်လယ်ရေမှော်အပါအဝင် အပင်များ၊ စီးပွားရေးနှင့် ကုန်သွယ်ရေးတွင်တန်ဖိုးရှိသော ရေနေသတ္တဝါများကို စောင့်ရှောက်၊ ပြုစု၊ မွေးမြူထုတ်လုပ်ခြင်းကို ရေထွက်ကုန်ပစ္စည်းစိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်း (Aquaculture) ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ရေလုပ်ငန်းသည် မြန်မာနိုင်ငံသားများ၏ စားနပ်ရိက္ခာအတွက် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ ရေလုပ်ငန်းကဏ္ဍတွင် ငါးများကို ဖမ်းဆီးထုတ်လုပ်ခြင်း (Capture fishery) နှင့် မွေးမြူထုတ်လုပ်ခြင်း(Culture fishery)ဟူ၍ ကဏ္ဍနှစ်ရပ် ပါဝင်သည်။ ယခုအခါ ခေတ်မီ၍ အထိအမိကောင်းသည့် ငါးဖမ်းကိရိယာများ အသုံးပြုပြီး ငါးဖမ်းဆီးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုတို့ကြောင့် သဘာဝငါးသယံဇာတ လျော့နည်းကျဆင်းလာသည့်အတွက် ဖမ်းဆီးထုတ်လုပ်ရေးကဏ္ဍတွင် ငါးထုတ်လုပ်မှုမှာ လျော့နည်းကျဆင်းလာခဲ့သည်။ သဘာဝငါးသယံဇာတမှ ငါးများကို အလွန်အကျွံဖမ်းခဲ့ခြင်း (Over fishing)ကြောင့် ဖမ်းဆီးထုတ်လုပ်ရေးကဏ္ဍတွင် ငါးထုတ်လုပ်မှုလျော့နည်းကျဆင်းလာမှုကို ဖြည့်ဆည်းပေးရန်အတွက် မွေးမြူထုတ်လုပ်ရေးကဏ္ဍတွင် ငါးများပိုမိုထုတ်လုပ်ရန် လိုအပ်လာသည်။ သဘာဝငါးသယံဇာတကို ထိခိုက်မှုမရှိဘဲ လိုအပ်သလောက် အမြောက်အမြားထုတ်လုပ်နိုင်ရန်၊ ငါးများ၏ ရှင်သန်နှုန်းနှင့် ကြီးထွားနှုန်းများကို စမ်းသပ်သုတေသနပြုလုပ်ပြီး အချိန်တိုအတွင်း စျေးကွက်ဝင်နိုင်သော ငါးအမျိုးအစားရှိနိုင်ရန်နှင့် ကျေးလက်နေပြည်သူများ၏ စားနပ်ရိက္ခာဖူလုံစေပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေနိုင်ရန် ရည်ရွယ်၍ စမ်းသပ်သုတေသနလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ပြီး ရရှိလာသော သုတေသနရလဒ်များကို ငါးမွေးမြူသူတောင်သူများသို့ ပြန်လည်ဖြန့်ဝေပေးခြင်းဖြင့် အသေးစားငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေနိုင်သည်။

> ‘ငါးပြေမသည် ငါးစေ့ကွက်တွင် တန်ဖိုးကောင်းရရှိသော ရေပန်းစားနေသည့်ငါးမျိုးဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ငါးပြေမမွေးမြူခြင်းသည် အခြားငါးမြစ်ချင်းကဲ့သို့သော ငါးမျိုးများ မွေးမြူခြင်းထက် မွေးမြူသည့်အချိန်ကာလတိုတိုဖြင့် အကျိုးအမြတ်ပိုမိုရရှိနိုင်သည့် ငါးမျိုးဖြစ်သည့်အပြင် လူတို့မသုံးဘဲ ပစ်ပယ်ထားသည့် ကျင်းငယ်၊ ရေအိုင်ငယ်များတွင် စနစ်တကျမွေးမြူပါက အချိန်တိုအတွင်း မွေးမြူဖြစ်ထွန်းနိုင်သည့်ငါးမျိုးဖြစ်’

စားရေရိုက္ခာဖူလုံစေမည့် အရင်းအမြစ်

စားရေရိုက္ခာဖူလုံစေရေးဖော်ဆောင်ရာတွင် ရေချိုဒေသတွင်သာ နေထိုင်ကျက်စားလေ့ရှိပြီး ကုန်းပေါ်တွင် ရက်အတော်ကြာနေထိုင်ရှင်သန်နိုင်သော တိုင်းရင်းငါးပြေမ (အင်္ဂလိပ်အမည် Climbing perch ဟု ခေါ်ဆိုပြီး သိပ္ပံအမည်အားဖြင့် *Anabas testudineus*) မျိုးစိတ်တစ်မျိုးကို ရွေးချယ်၍ သုတေသနပြုလုပ်ခဲ့သည်။

တိုင်းရင်းငါးပြေမ၏ နေထိုင်မှုဝေလေ့

ရေအပူချိန် ၂၂ မှ ၃၀ ဒီဂရီစင်တီဂရိတ်အတွင်း နေထိုင်နိုင်ကြပြီး မြစ်၊ ချောင်း၊ ရေကန်၊ အင်းအိုင်၊ တူးမြောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိနိုင်သည်။ ပါးဟက်အဖုံးတွင်ပါရှိသော ဆူးများဖြင့် ကုန်းမြေပေါ်တွင်လည်း တွားသွားနိုင်သည့် ငါးမျိုးဖြစ်သည်။

တိုင်းရင်းငါးပြေမ မျိုးငါးအထီးနှင့် အမရွေးချယ်နေမှု။

ငါးပြေမမျိုးငါးများ ထိန်းသိမ်းခြင်း

ငါးပြေမများသည် မွေးမြူသည့်ကာလ တစ်နှစ်အတွင်း အရွယ်အစား အရှည်အားဖြင့် ၄ ဒသမ ၅ လက်မမှ ၅ ဒသမ ၅ လက်မ ခန့်ရှည်လျားကာ အလေးချိန် ၃၀-၄၅ ဂရမ်ခန့်တွင် စတင်အရွယ်ရောက်ရှိပြီး မျိုးပွားရာသီချိန်သည် နှစ်စဉ် မတ်လမှ ဩဂုတ်လ အတွင်းဖြစ်၍ မေလနှင့် ဇွန်လများသည် မျိုးပွားရန် အကောင်းဆုံးကာလဖြစ်သည်။

ငါးပြေမအထီး၏ လက္ခဏာများ

ငါးပြေမအထီး၏ ကျောရေယက်(Dorsal Fin)သည် အမ၏ ကျောရေယက်နှင့်နှိုင်းယှဉ်ပါက ပိုမိုရှည်လျားသည်။ ရင်ရေယက်(Pectoral Fin)နှင့် ဝမ်းရေယက်(Ventral Fin)တို့တွင် အနီရောင်သန်းနေပြီး အမြီးရင်း (Caudal Peduncle) တွင် ဒိုင်းမွန်းပုံစံအမည်းစက်များ ရှိကာ ဝမ်းဗိုက်ကို ဖြည်းညင်းစွာ ညှစ်ကြည့်ပါက အဖြူရောင်မျိုးရည်များ မျိုးပွားအင်္ဂါပေါက်မှ ထွက်ရှိလာမည်။

ငါးပြေမအမ၏ လက္ခဏာများ

ရင်ရေယက်နှင့် ဝမ်းရေယက်တို့တွင် အနီရောင်ဖျော့ဖျော့ဖြစ်နေပြီး အမြီးရင်းတွင် အမည်းစက်များသည် ရှည်လျားရှိ၍ တစ်ခုနှင့်တစ်ခု ရောစပ်နေသည်။ အရွယ်ရောက်သည့် ငါးပြေမသည် ဝမ်းဗိုက်အနည်းငယ်ဖောင်း၍ မျိုးပွားအင်္ဂါပေါက်သည် သိသာစွာ ကြီးထွားကာ ဝမ်းဗိုက်ကို ဖြည်းညင်းစွာညှစ်ပါက ဥများစို့ထွက်လာသည်။

ငါးပြေမ မျိုးငါးစုဆောင်းခြင်း

မျိုးပွားရာသီမတိုင်မီ နှစ်လ- သုံးလကြိုတင်၍ ၃၀-၄၅ ဂရမ်အရွယ် ငါးပြေမမျိုးငါးများကို စုဆောင်းကာ ငါးအထီးနှင့် ငါးအမ သီးသန့်ခွဲခြားပြီး မွေးမြူပြုစုထားရှိရသည်။ ငါးပြေမ မွေးမြူထားသည့် ကန်ရေတွင် အောက်ဆီဂျင်ပျော်ဝင်မှု(D.O)၊ ချဉ်ဖန်နှုန်း(pH)၊ အပူချိန်၊ အမိုးနီးယား ပါဝင်မှုစသည်တို့အား ပုံမှန်တိုင်းတာ၍ မျိုးငါးများ၏ ကျန်းမာရေး ကောင်းမွန်စေရန်အတွက် ရေအရည်အသွေးကို အထူးဂရုစိုက်ရန် လိုအပ်သည်။

မျိုးငါးအစာကျွေးခြင်း

မျိုးငါးများအတွက် ဖော်စပ်စာပြုလုပ်ရာတွင် ပရိုတီန်း ၃၀-၃၅ ရာခိုင်နှုန်းရရှိရန်အတွက် ဖော်စပ်စာပြုလုပ်ပြီး ငါးကိုယ်အလေးချိန်၏ သုံးရာခိုင်နှုန်းကိုတွက်ချက်၍ နံနက်တစ်ကြိမ် ညတစ်ကြိမ်ခွဲ၍ ကျွေးမွေးသည်။ မျိုးပွားအင်္ဂါများ၏ဖွံ့ဖြိုးမှုကို ပုံမှန်စစ်ဆေးရန် လိုအပ်ပြီး အပြည့်အဝရင့်မှည့်လာချိန်တွင် မျိုးပွားရန်အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

ဟော်မုန်းဆေးထိုးပြီးနောက် မိတ်လိုက်ကန်ပြင်ဆင်ထားရှိမှု။

မျိုးငါးများ ဆေးထိုးသားဖောက်ခြင်း

မျိုးငါးများဆေးထိုးသားဖောက်ရန်အတွက် ငါးပြေမအထီးနှစ်ကောင်လျှင် အမတစ်ကောင်နှုန်းစီ အသုံးပြုပြီး သတ်မှတ်ဟော်မုန်းဆေးကို ငါးအထီး၊ ငါးအမ နှစ်မျိုးလုံးတွင် ထိုးသွင်းပေးသည်။

တိုင်းရင်းငါးပြေမ မျိုးငါးများ ရွေးချယ်ထားရှိမှု။

ငါးဆေးထိုးပြီးနောက် ခြောက်နာရီအကြာတွင် သဘာဝအတိုင်း ငါးများမိတ်လိုက်ကြပြီး သန္ဓေအောင်သောငါးဥများ ရရှိလာသည်။ သန္ဓေအောင် ငါးဥများကို ဥဖောက်လှောင်ကန်(Hatching Jar) ဖန်မှန်ကန်အတွင်း၌ သတ်မှတ်ရေအပူချိန်တွင် ပြောင်းရွှေ့သားဖောက်သည်။ ငါးဥမှ အကောင်ပေါက်ရန် (၁၂-၁၅) နာရီကြာမြင့်ချိန်ရှိပြီး ရေအပူချိန်ပေါ်မူတည်၍လည်း ငါးဥမှ အကောင်ပေါက်ရန် ကြာမြင့်ချိန်ကွာခြားနိုင်သည်။

ငါးမှုန်ပြုစုခြင်း

ငါးပြေမငါးမှုန်များသည် အရွယ်အစားအားဖြင့် ၁ ဒသမ ၆ မှ ၁ ဒသမ ၈ မီလီမီတာရှိပြီး ဇောက်ထိုးအနေအထားဖြင့် ကူးခပ်သွားလာနေသည်။ ငါးဥပေါက်ပြီး ၃၂ နာရီအကြာတွင် အစာခြေလမ်းကြောင်းမှာ ပြည့်ပြည့်စုံစုံဖွံ့ဖြိုးလာပြီးနောက် အစာစတင်စားချိန်တွင် အပင်မျှောလှေး(Phytoplankton)ကို ငါးမှုန်များအသက် ငါးရက်သားအထိ ကျွေးသည်။ ငါးရက်မှ ၁၁ ရက်အတွင်း သတ္တဝါမျှောလှေး(Zooplankton)များ ကျွေးမွေးသည်။ ထို့နောက် သားပေါက်အရွယ်အစား ၁၂-၁၆ မီလီမီတာအထိ ရောက်ရှိချိန်တွင် ငါးမှုန်စာများ ရောစပ်ဖျော်၍ စတင်ကျွေးနိုင်ပြီဖြစ်သည်။ ပထမ သုံးပတ်အတွင်း ရှင်သန်နှုန်းနှင့် ကြီးထွားနှုန်းမှာ လျင်မြန်စွာ ကောင်းမွန်လာသည်ကို တွေ့ရှိရသည်။ သုံးပတ်ကြာပြီးနောက် အရွယ်အစားကြီးထွားလာသည်နှင့်အမျှ အသားဓာတ် ၃၀-၃၅ ရာခိုင်နှုန်းရှိသော ငါးငယ်အစာအမှုန့်(Small Size Pellet)ကို ကျွေးနိုင်ပြီဖြစ်သည်။ ကျွေးမွေးစဉ်ကာလအတွင်း ငါးမှုန်များ ရှင်သန်နှုန်းကောင်းမွန်စေရေးနှင့် ကြီးထွားနှုန်းတိုးတက်စေရေးသည် အဓိကအရေးကြီးသည့်အတွက် ရေအရည်အသွေးများ ကောင်းမွန်စွာထိန်းသိမ်းနိုင်ရန် အထူးလိုအပ်သည်။ အရွယ်အစားကွာခြားမှုသည် အဓိကအားဖြင့် ကျွေးသော အစားအစာ အမျိုးအစားကွဲပြားခြင်း၊ လုယက်စားသောက်ခြင်းကြောင့် အသေအပျောက်လည်းများစေနိုင်သဖြင့် ရှင်သန်နှုန်းကောင်းမွန်စေရန်အတွက် ငါးအရွယ်အစားအလိုက် သီးခြားကန်ခွဲ၍ မွေးမြူခြင်းဖြင့် ရှင်သန်နှုန်းပိုမိုရရှိစေသည်။ ထို့အတူ ရေပုံမှန်လဲလှယ်ပေးခြင်း၊ ပုံမှန်နေရာ၊ ပုံမှန်အချိန် အစာကျွေးခြင်း၊ မွေးမြူထားသော ငါးအရေအတွက်ပမာဏ၏ လိုအပ်ချက်နှင့် ကိုက်ညီသော အစာကျွေးနှုန်းဖြင့် နှိုင်းဆတွက်ချက်၍ကျွေးမှသာ အာဟာရပြည့်ဝပြီး အရည်အသွေးကောင်းမွန်သော ငါးမျိုးကောင်းမျိုးသန့်များ ရရှိနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ✡

ငါးရက်သား ငါးမှုန်များ။

နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရ ကုမ္ပဏီ ၂၀ ကို နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် ရုပ်သိမ်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်
သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသည့် အောက်ဖော်ပြပါ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရကုမ္ပဏီ ၂၀ သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာမှုမရှိသဖြင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer License)အား ဒါရိုက်တာအဖွဲ့အစည်းအဝေး အမှတ်(၁/၂၀၂၃) ဆုံးဖြတ်ချက်အရ ရုပ်သိမ်းလိုက်သည်-

(၁) Oake Khaung Travels & Tours Co., Ltd
(၂) Senjo Royal Myanmar Co., Ltd
(၃) Dawei Popular Co., Ltd
(၄) Zam Myo Co., Ltd
(၅) Phyo Thet (PT) Co., Ltd
(၆) Sky Bound Co., Ltd
(၇) Myanmar MCG Corporation Ltd
(၈) Htwe and Htwe Family Co., Ltd
(၉) Won Won Co., Ltd
(၁၀) United Eleven Co., Ltd
(၁၁) Tun Yama Co., Ltd
(၁၂) Myanmar Alinkar Hotel Group Co., Ltd
(၁၃) Cartel Co., Ltd
(၁၄) Super Phoneix Co., Ltd
(၁၅) Golden Falcon Shipping Co., Ltd
(၁၆) Fairness Travels & Tours Co., Ltd
(၁၇) Yadanar Bon Travels & Tours Co., Ltd
(၁၈) Myanmar National Airlines Co., Ltd
(၁၉) Dewant Financial Loan Microfinance Co., Ltd
(၂၀) Treasure Su Co., Ltd

ပြန်ကြားရေးနှင့် အသိပညာပေးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်

နေပြည်တော် မတ် ၁၆

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းတွင် ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၊ ပြတိုက်ငယ်နှင့် ကလေးစာဖတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တာဝန်ခံတို့နှင့် တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုများအတွက် မှာကြားသည်။ ယင်းနောက် ဝန်ထမ်းများ၏ တင်ပြချက်များကို ဆွေးနွေးညှိနှိုင်း၍ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

သွားရောက်ကြည့်ရှု

ထို့နောက် ဒုတိယဝန်ကြီးသည် ခရိုင်အဆင့် တာဝန်ရှိသူများနှင့် အတူ ကလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ အေချမ်းစွာ ဖြေဆိုနေမှုကို သွားရောက်ကြည့်ရှုပြီး ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများ၊ အေးချမ်းစွာဖြေဆိုရေး ကူညီဆောင်ရွက်ပေးကြသော ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များနှင့် တွေ့ဆုံ၍ ကျေးဇူးတင်စကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ကလေးမြို့ နေသာကျောင်းတိုက်သို့ ရောက်ရှိပြီး နေသာဆရာတော် ဘဒ္ဒန္တ ဓမ္မိကအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ပူဇော်ပြီး နေသာပရဟိတ စာသင်ကျောင်းနှင့် နေသာစာကြည့်တိုက်အတွက် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် စေတနာရှင်များက လှူဒါန်းသော ငွေကျပ်သိန်း ၂၀ နှင့် စာအုပ်စာစောင်များ လှူဒါန်းကာ ဆရာတော်က ယနေ့ခေတ်လူငယ်များ ငယ်စဉ်ကတည်းက အသိပညာဗဟုသုတ ပြည့်စုံရေးနှင့် အတွေးအခေါ် အလုပ်အကိုင် မှန်ကန်စေရေး အလေးထားဆောင်ရွက် ပေးစေလိုကြောင်း မိန့်ကြားရာ ဒုတိယဝန်ကြီးက နိုင်ငံတော်က လူငယ်များ အသိပညာပေးလုပ်ငန်းများနှင့် ဗလငါးတန်ပြည့်ဝသော လူငယ်များ ပေါ်ပေါက်လာစေရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းလျှောက်ထားခဲ့သည်။

လုပ်ငန်းဆိုင်ရာများ မှာကြား

ယနေ့မွန်းလွဲပိုင်းတွင် စဉ်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး စဉ်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်ရုံးတို့မှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင်ရုံးတွင် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြစ်သားမြို့နယ် ဦးစီးအရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားပြီး ခရိုင်ရုံးတွင် ဖွင့်လှစ်ထားသော အင်္ဂလိပ်စာ အခြေခံသင်တန်းတက်နေသည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ အားပေးစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြန်ကြားရေးနှင့် အသိပညာပေးရေး လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ရေး၊ မိမိရုံးနှင့် စာကြည့်တိုက်တို့ကို ပြည်သူလူထုနှင့် လူငယ်များက အားကိုးချင်စိတ် ရှိလာအောင် စည်းရုံးပြီး စာဖတ်သူ၊ စာငှားသူများပြားအောင် ဆောင်ရွက်ရေး၊ ဝန်ထမ်းကောင်းပီသစွာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေးနှင့် မီးဘေးလုံခြုံရေး ဂရုပြုရန်တို့ကို မှာကြားခဲ့သည်။

သတင်းစဉ်

ကျိုက်ထိုမြို့နယ်၌ နွေရာသီ အင်္ဂလိပ်စာရေးသားနည်းသင်တန်း ဖွင့်လှစ်

ကျိုက်ထို မတ် ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ နွေရာသီအင်္ဂလိပ်စာ Grammar ရေးသားနည်းသင်တန်း ဖွင့်ပွဲကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျိုက်ထိုမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အမှာစကား ပြောကြားသည်။

ယင်းနောက် အထက(၁)မှ အထက်တန်းပြဆရာမ ဒေါ်စန္ဒာသိန်းက Grammar အခြေခံမှစ၍ အင်္ဂလိပ်စာရေးသားနည်းကို စနစ်တကျ အခမဲ့သင်ကြားပေးသည်။

အဆိုပါ သင်တန်းသို့ ကျောင်းသား ကျောင်းသူ လူငယ် ၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၁၆ ရက်မှ ၁၉ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မတ် ၁၆

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

✡ **စာမျက်နှာ ၆ မှ**

ငါးပြေမသားဖျန်းများမှသည် အသားတိုးမွေးမြူခြင်း

တိုင်းရင်းငါးပြေမ အသားတိုးမွေးမြူရန်အတွက် မြေကြီးကန်ဖြင့် မွေးမြူခြင်းထက် အုတ်ကန်ဖြင့်မွေးမြူခြင်းသည် ငါးများ လွတ်မထွက်စေရန် ကာကွယ်ပေးသည်။ အုတ်ကန်၏ အတွင်းဘက်အောက်ခြေ မျက်နှာပြင်တွင် မြေသားခင်း၍ မွေးမြူခြင်းဖြင့် ငါးများကျန်းမာရေး ကောင်းမွန်ပြီး ကြီးထွားနှုန်းကို တိုးတက်စေသည်။ သဘာဝပတ်ဝန်းကျင် အနေအထားကဲ့သို့ဖြစ်နေစေရန် ငါးကန်ရေမျက်နှာပြင် ၏ ၃၀-၄၀ ရာခိုင်နှုန်းကို ရေနေအပင်များဖြစ်သည့် ဗေဒါ သို့မဟုတ် အလွယ်တကူရရှိသော ဘဲစာရွက်ရေပေါ်နေအပင်များဖြင့် ဖုံးအုပ်၍ အသုံးပြုနိုင်သည်။ ငါးဖျန်းအရွယ်သည် ရေမျက်နှာပြင်အထက်နားတွင် ကူးခပ်သွားလာနေသည့်အတွက် ဗျိုင်းများ၊ တင်ကြီးငှက်များ လာရောက်ဖမ်းယူခြင်းများ ရှိနိုင်သဖြင့် အကာအရံများ ပြုလုပ်ထားရှိရန် လိုအပ်သည်။ လျှောင်အိမ်ဖြင့် တိုင်းရင်းငါးပြေမမွေးမြူမည် ဆိုပါက သီးသန့်မွေးမြူခြင်း (Mono-culture) တွင်သာမက ရောနှောမွေးမြူခြင်း(Polyculture) ဖြင့်လည်း မွေးမြူနိုင်ပါသည်။

ငါးပြေမနှင့် စားရေရိုက္ခာဖူလုံရေး

ငါးပြေမသည် စောင်းလျားသီးနှင့် ချက်ပြုတ်စားသုံးပါက အရသာထူးကဲသည့်အပြင် ဆီးကျောက်ရောဂါအတွက် သက်သာပျောက်ကင်းနိုင်သည့် ဆေးဖက်ဝင်ငါးတစ်မျိုးဖြစ်သည်။ ထို့ပြင် ငါးစေ့ကွက်တွင် တန်ဖိုးကောင်းရရှိသော ရေပန်းစားနေသည့် ငါးမျိုးဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ငါးပြေမမွေးမြူခြင်းသည် အခြားငါးမြစ်ချင်းကဲ့သို့သော ငါးမျိုးများမွေးမြူခြင်းထက် မွေးမြူသည့် အချိန်ကာလတိုတိုဖြင့် အကျိုးအမြတ်ပိုမိုရရှိနိုင်သည့် ငါးမျိုးဖြစ်သည့် အပြင် လူတို့မသုံးဘဲ ပစ်ပယ်ထားသည့် ကျင်းယယ်၊ ရေအိုင်ယယ်များတွင် စနစ်တကျမွေးမြူပါက အချိန်တိုအတွင်း မွေးမြူဖြစ်ထွန်းနိုင်သည့် ငါးမျိုးဖြစ်သည်။

ကျေးလက်နေပြည်သူများ၏ စားရေရိုက္ခာဖူလုံစေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ မိသားစုဝင်ငွေများ တိုးပွားရရှိလာနိုင်စေရေးနှင့် ငါးမွေးမြူရေး အသိပညာဗဟုသုတများ ရရှိလာနိုင်စေရေးတို့အတွက် မြန်မာနိုင်ငံအနှံ့အပြားတွင် အလွယ်တကူ ရရှိနိုင်သော တိုင်းရင်းငါးပြေမများကို မွေးမြူထုတ်လုပ်ကြပါစို့ဟု တိုက်တွန်းရင်း သုတေသနရလဒ်များကို မျှဝေရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား

- **ရေချိုဒေသတွင် နေထိုင်သော ကျေးလက်နေပြည်သူများအတွက် အသေးစားငါးမွေးမြူရေး အညွှန်းစာစောင်**
- **USAID ဝင်ငွေတိုးငါးမွေးမြူရေးစီမံကိန်း**
- **ICAR-CIFA 2016, BREEDING & SEED PRODUCTION OF CLIMBING PERCH**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့တွင် ပထဝီဝင်ဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၃၉၆၁၇ ဦးရှိ

နေပြည်တော် မတ် ၁၆

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲသတ္တမနေ့ကို ယနေ့ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပထဝီဝင်ဘာသာရပ် ဖြေဆိုသူ စုစုပေါင်း ၃၉၆၁၇ ဦး ရှိကြောင်း သိရသည်။

ယနေ့တွင် နိုင်ငံခြားစာစစ်ဌာန တစ်ခုနှင့် ပြည်တွင်းစာစစ်ဌာန ၇၇၈ ခု စာစစ်ဌာန စုစုပေါင်း ၇၇၉ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေစုစုပေါင်း ၄၄၉၄၄ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၉၆၁၇ ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်းအနေဖြင့် ၈၈ ဒသမ ၁၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

အခြေခံပညာဦးစီးဌာန

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-ပထဝီဝင် ရက်စွဲ၊ ၁၆ - ၃ - ၂၀၂၃

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ခရိုင် အရေအတွက်	မြို့နယ် အရေအတွက်	စာစစ်ဌာန အရေအတွက်	စာရင်းရှိဦးရေ			ဖြေဆိုသူဦးရေ			ပျက်ကွက်သူဦးရေ			ဖြေဆို ရာနှုန်း	ပျက်ကွက် ရာနှုန်း	မှတ်ချက်
					ကျောင်းဖြေ	ပြင်ပဖြေ	ပေါင်း	ကျောင်းဖြေ	ပြင်ပဖြေ	ပေါင်း	ကျောင်းဖြေ	ပြင်ပဖြေ	ပေါင်း			
၁	ကချင်	၆	၁၅	၃၁	၅၈၂	၂၈၀၅	၃၃၈၇	၅၁၅	၂၅၄၇	၃၁၀၂	၂၇	၂၅၈	၂၈၅	၉၁.၅၉%	၈.၄၁%	
၂	ကယား	၃	၄	၄	၁၇၂	၂၈၉	၄၆၁	၁၆၄	၂၅၇	၄၂၁	၈	၃၂	၄၀	၉၁.၃၂%	၈.၆၈%	
၃	ကရင်	၆	၇	၁၁	၂၂၅	၃၄၉	၅၇၄	၂၀၀	၂၈၃	၄၈၃	၂၅	၆၆	၉၁	၈၄.၁၅%	၁၅.၈၅%	
၄	ချင်း	၆	၈	၁၃	၄၂၇	၁၅၈၇	၂၀၁၄	၃၇၈	၁၂၈၄	၁၆၆၂	၄၉	၃၀၃	၃၅၂	၈၂.၅၂%	၁၇.၄၈%	
၅	စစ်ကိုင်း	၁၄	၃၀	၅၀	၈၂၂	၄၁၇၁	၄၉၉၃	၇၇၆	၃၅၆၃	၄၃၃၉	၄၆	၆၀၈	၆၅၄	၈၆.၉၀%	၁၃.၁၀%	
၆	တနင်္သာရီ	၄	၁၀	၁၅	၁၂၆	၂၅၄	၃၈၀	၁၁၄	၂၁၁	၃၂၅	၁၂	၄၃	၅၅	၈၅.၅၃%	၁၄.၄၇%	
၇	ပဲခူး(ရှေ့)	၃	၁၄	၂၉	၁၉၅	၅၇၂	၇၆၇	၁၈၈	၄၈၀	၆၆၈	၇	၉၂	၉၉	၈၇.၀၉%	၁၂.၉၁%	
၈	ပဲခူး(နောက်)	၃	၁၄	၄၀	၃၃၆	၈၄၁	၁၁၇၇	၃၁၄	၇၂၃	၁၀၃၇	၂၂	၁၁၈	၁၄၀	၈၈.၁၁%	၁၁.၈၉%	
၉	မကွေး	၇	၂၄	၄၈	၁၁၅	၁၉၃၉	၂၀၅၄	၁၁၂	၁၇၀၅	၁၈၁၇	၃	၂၃၄	၂၃၇	၈၈.၄၆%	၁၁.၅၄%	
၁၀	မန္တလေး	၁၁	၂၈	၈၆	၂၆၀	၂၀၂၇	၂၂၈၇	၂၅၁	၁၈၀၇	၂၀၅၈	၉	၂၂၀	၂၂၉	၈၉.၉၉%	၁၀.၀၁%	
၁၁	မွန်	၄	၁၀	၁၇	၂၇၈	၃၇၇	၆၅၇	၂၆၅	၃၄၄	၆၀၉	၁၃	၃၅	၄၈	၉၂.၆၉%	၇.၃၁%	
၁၂	ရခိုင်	၇	၁၇	၄၅	၂၃၁	၇၀၈၆	၇၃၁၇	၂၁၈	၆၁၇၁	၆၃၈၉	၁၃	၉၁၅	၉၂၈	၈၇.၃၂%	၁၂.၆၈%	
၁၃	ရန်ကုန်	၁၄	၄၅	၆၉	၉၉	၂၁၅၆	၂၂၅၅	၉၅	၁၇၄၂	၁၈၃၇	၄	၄၁၄	၄၁၈	၈၁.၄၆%	၁၈.၅၄%	
၁၄	ရှမ်း(တောင်)	၈	၂၀	၅၁	၄၂၄	၉၁၉	၁၃၄၃	၄၀၆	၇၇၅	၁၁၈၁	၁၈	၁၄၄	၁၆၂	၈၇.၉၄%	၁၂.၀၆%	
၁၅	ရှမ်း(မြောက်)	၉	၁၇	၁၉	၁၂၃	၃၃၃	၄၆၃	၁၁၁	၂၈၂	၃၉၃	၁၂	၅၆	၆၈	၈၅.၂၅%	၁၄.၇၅%	
၁၆	ရှမ်း(ရှေ့)	၅	၈	၈	၂၀	၁၂၀	၁၄၀	၁၉	၈၈	၁၀၇	၁	၃၂	၃၃	၇၆.၄၃%	၂၃.၅၇%	
၁၇	ဧရာဝတီ	၈	၂၆	၂၀၆	၆၁၄၂	၆၈၃၅	၁၂၉၇၇	၅၇၆၄	၅၉၃၀	၁၁၆၉၄	၃၇၈	၉၀၅	၁၂၈၃	၉၀.၁၁%	၉.၈၉%	
၁၈	နေပြည်တော်	၄	၈	၃၆		၁၆၉၈	၁၆၉၈		၁၄၉၃	၁၄၉၃	၀	၂၀၅	၂၀၅	၈၇.၉၃%	၁၂.၀၇%	
၁၉	နိုင်ငံခြား			၁		၂	၂		၂	၂		၀	၀	၁၀၀.၀၀%	၀.၀၀%	
ပြည်ထောင်စုချုပ်		၁၂၂	၃၀၅	၇၇၉	၁၀၅၇၇	၃၄၃၆၇	၄၄၉၄၄	၉၉၃၀	၂၉၆၈၇	၃၉၆၁၇	၆၄၇	၄၆၈၀	၅၃၂၇	၈၈.၁၅%	၁၁.၈၅%	

မှတ်ချက်။ - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၂၊၃၊၈) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၁၊၄၊၅၊၆၊၇) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။
- စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်နှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

(၇၈)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ပရံ-ကော့ကလွေ-ကော့နိုင်ထုံ-တောင်သူကုန်း-ကော့ဂွန်း ကွန်ကရစ်လမ်းဖွင့်လှစ်

ဘားအံ မတ် ၁၆

(၇၈)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်လမ်းဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ကော့ပရံ-ကော့ကလွေ- ကော့နိုင်ထုံ-တောင်သူကုန်း-ကော့ဂွန်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကော့နိုင်ထုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှေ့ရှိ အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ကွန်ကရစ်လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်သောလမ်းသည် ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်ရှိ ကျေးရွာများကို ဆက်စပ်ပေးသော ပြည်နယ်ချင်းဆက်လမ်းတစ်လမ်းဖြစ်ကြောင်း၊ တိုးတက်ကောင်းမွန်လာသည့်လမ်းမကြီးကိုအမှီပြု၍ ဒေသတွင်းရှိ ကျေးရွာအုပ်စုခြောက်အုပ်စု၊ ကျေးရွာပေါင်း ၂၁ ရွာနှင့် ပတ်ဝန်းကျင်ဒေသရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊တောင်သူများ အနေဖြင့် မိမိတို့ဒေသထုတ်ကုန်များ စိုက်ပျိုးသီးနှံများကို ကုန်ကျစရိတ်သက်သာစွာဖြင့် မြန်မြန်ဆန်ဆန်စျေးကွက်အတွင်းသို့ရောက်ရှိစေမည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များတွင်လည်း မိမိတို့ ကရင်ပြည်နယ်အစိုးရအဖွဲ့

အနေဖြင့် ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝများ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရေးအတွက် အဓိကလိုအပ်သည့် လမ်းတံတားလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ဦးအောင်ညိုက လမ်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ညွှန်ကြားရေးမှူး(မြို့ပြ)က လမ်းဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ လက်ရောက်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကော့ပရံ-ကော့ကလွေ-ကော့နိုင်ထုံ-တောင်သူကုန်း-ကော့ဂွန်းလမ်း ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအားဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ လမ်းဖွင့်ပွဲသို့ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ဖွင့်လှစ်သည့်လမ်းသည် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်ခန့်က မြေသားလမ်းအနေဖြင့် စတင်ဖောက်လုပ်ခဲ့ပြီး ၁၃ ဒသမ ၈၇၇ ကီလိုမီတာရှည်လျားကာ ခေတ်အဆက်ဆက် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများအဖြစ် ကိုယ်ထူကိုယ်ထပြုပြင်ထိန်းသိမ်းအဆင့်မြှင့်တင်ဆောင်ရွက်လာခဲ့ကြရာ မြေသားလမ်းပိုင်းအနေဖြင့် ၅ ဒသမ ၅၃၃ ကီလိုမီတာကျန်ရှိနေခဲ့ကြောင်း၊ ယခုအစိုးရလက်ထက် ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ် တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၅၆၃ ဒသမ ၈၁ သန်းဖြင့် ၁၄ ပေအကျယ် ကွန်ကရစ်လမ်း ၂ ဒသမ ၄၁၄ ကီလိုမီတာ၊ သုံးမီတာ အရှည်ကွန်ကရစ်တံတားငယ်တစ်စင်း၊ ၁ ဒသမ ၅၂ မီတာ Box Culvert တစ်စင်းနှင့် ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၇၉၈ ဒသမ ၈၅၃ သန်းဖြင့် ၁၄ ပေအကျယ် ကွန်ကရစ်လမ်း ၃ ဒသမ ၁၁၉ ကီလိုမီတာ၊ ၄ ဒသမ ၅ မီတာအရှည် တံတားငယ်တစ်စင်း၊ Box Culvert တစ်စင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR)နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ ဆောင်ရွက်ချက်များ သတင်းထုတ်ပြန်ချက်

သတင်းထုတ်ပြန်ချက်အမှတ် (၃ /၂၀၂၃)

၁။ လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်ဆိုသည့် စာသားဖြင့် အစပြုခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်း (Universal Declaration of Human Rights – UDHR)ကို နိုင်ငံများနှင့် လူသားအားလုံးတို့ ဆောင်ရွက်ရမည့် အားလုံးနှင့်ဆိုင်သော စံတစ်ရပ်အဖြစ် ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ(၁၀)ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ထိုအချိန်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မဲခွဲဆုံးဖြတ်မှုရလဒ်ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နိဒါန်းတွင် “လူတိုင်း၊ အဖွဲ့အစည်းတိုင်းသည် ဤကြေညာစာတမ်းကို အစဉ်နှလုံးသွင်းလျက် ကမ္ဘာတစ်ဝန်းလုံးတွင် အဆိုပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစားကြစေရန် သင်ကြားခြင်း၊ အသိပညာပေးခြင်းဖြင့် အားထုတ်ကြစေရန်”ဟု ဖော်ပြပါရှိရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အများပြည်သူများ သိရှိနားလည်စေရေး နည်းလမ်းအမျိုးမျိုးအသုံးပြု၍ အသိပညာပေးဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပြည်သူအားလုံးက ပိုမိုသိရှိနားလည်သဘောပေါက်ပြီး လူ့အခွင့်အရေးနှင့် ဆက်နွယ်ပတ်သက်သည့် အပြုသဘောဆောင်သော သဘောထားအမြင်များ၊ ခံယူလိုက်နာကျင့်သုံးမှုများ ပိုမိုဖြစ်ထွန်းလာရေးအတွက် အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အောက်ပါ လှုပ်ရှားဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ပါသည်-

(က) လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများ၊ ဌာနတွင်း လူ့အခွင့်အရေး အသိပညာပေးသင်တန်းအပါအဝင် သင်ခန်းစာပို့ချမှုများတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းကို အဓိကဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်း၍ ၂၀၁၁ ခုနှစ်မှ ယနေ့အချိန်ကာလအထိ အစဉ်တစိုက် ဟောပြောပို့ချမှုများ ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကိုအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုကာ ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေဖြန့်ချိခဲ့သည့်အပြင် ကြေညာစာတမ်းပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အလွယ်တကူ လက်လှမ်းမီ သိရှိနားလည်နိုင်စေရန်ရည်ရွယ်၍ တိုင်းရင်းသားဘာသာ စုစုပေါင်း(၂၁)မျိုးထိ ဘာသာပြန်ဆို ပုံနှိပ်ဖြန့်ချိခြင်း၊

(ဂ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အများပြည်သူ အလွယ်တကူ လက်လှမ်းမီ သိရှိနားလည်နိုင်စေရန်ရည်ရွယ်၍ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ပိုစတာအား ၂၀၁၈ ခုနှစ်တွင် လည်းကောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အိတ်ဆောင်စာအုပ်အား ၂၀၂၁ ခုနှစ်တွင်လည်းကောင်း အသီးသီး ပုံနှိပ်ဖြန့်ချိခြင်း၊

(ဃ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကို အမြင်အာရုံ မသန်စွမ်းသူများ သိရှိနားလည်နိုင်စေရန်ရည်ရွယ်၍ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မျက်မမြင်လက်စမ်းစာအုပ်(Braille)အား မျက်မမြင်ကျောင်း(ကြည့်မြင်တိုင်)နှင့် ပူးပေါင်း၍ ၂၀၂၂ ခုနှစ်တွင် ပုံနှိပ်ဖြန့်ချိခြင်း။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည်မှာ ယခု ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ် ပြည့်မြောက်မည်ဖြစ်ပါသည်။ လူသားအားလုံးအတွက် အရေးပါသည့် အမွေအနှစ်ဖြစ်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အလေးပေးထင်ဟပ်ဖော်ညွှန်းဂုဏ်ပြုသည့်အနေဖြင့် ၁၀-၁၂-၂၀၂၃ ရက်နေ့တွင် ကျရောက်မည့် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိ တစ်နှစ်တာကာလပတ်လုံးကို ကမ္ဘာတစ်ဝန်းတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အသိပညာပေးလှုပ်ရှားဆောင်ရွက်ချက်များအား “75 UDHR Campaign”အမည်ဖြင့် ဆောင်ရွက်သွားကြမည်ဖြစ်ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း အဆိုပါ “75 UDHR Campaign”တွင် ပူးပေါင်းပါဝင်သည့်အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အသိပညာပေးလှုပ်ရှားမှုများကို နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဖော်ဆောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်

တောင်ကြီးမြို့၌ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားကျင်းပ

တောင်ကြီး မတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ် စားသုံးသူရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က အမှာစကားပြောကြားသည်။

ထို့နောက် စားသုံးသူကာကွယ်ရေးဆိုင်ရာ ပညာပေး Video Clip အားပြသခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦးက စားသုံးသူရေးရာအကြောင်း ရှင်းလင်းတင်ပြသည်။ ရှမ်းပြည်နယ်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခမ်းအနားသို့ တက်ရောက်ကြသည့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

စိုးလင်း(တောင်ကြီး)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့်အဖွဲ့ ပူတာအိုအကျဉ်းထောင်၊ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့ရှိ မြို့မရဲစခန်း အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးတင်အောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်တို့ ဦးဆောင်သော အဖွဲ့သည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၄၃ နှင့် ၄၄ အရ ယမန်နေ့က ပူတာအိုအကျဉ်းထောင်၊ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့ရှိ မြို့မရဲစခန်းအချုပ်ခန်းများကို သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အိပ်ဆောင်များတွင် အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း၊ ထုတ်ပြန်ချက်များနှင့် အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ရသင့် ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိစသည်တို့ကို မေးမြန်းမှတ်တမ်းတင် ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင်ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ တို့ကို ကော်မရှင်က ပူတာအိုအကျဉ်းထောင်ကို လျှောက်နိုးခဲ့ရာ တာဝန်ခံအရာရှိက လက်ခံရယူသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလိုအရေးယူ ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

သန်လျင်ခရိုင် ကျေးလက်ဖွံ့ဖြိုးရေးဝန်ထမ်းများအား တွေ့ဆုံ

သန်လျင် မတ် ၁၆

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညီညီဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဇော်နောင်တို့သည် မတ် ၁၅ ရက်က သန်လျင်မြို့နယ်ရှိ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများက လက်ရှိ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

သန်လျင်ခရိုင်အတွင်းရှိ ကျေးရွာများတွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေ တို့ဖြင့် ရေပေးရေးလုပ်ငန်း ၁၀၄ ခု၊ ကုန်ထုတ်လမ်း ၁၆ လမ်း၊ ၁၂ ပေတံတား နှစ်စင်း၊ ပေ ၄၀ တံတား တစ်စင်း၊ Box Culvert ၂၉ စင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ခုနစ်ရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၄၃ ရွာ၊ CFW စီမံကိန်း သုံးရွာ၊ ခေတ်မီစံပြကျေးရွာ တစ်ရွာ၊ ကျေးလက်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ၁၃ ခု၊ ရေမီတာသုံး အိမ်သွယ်ရေတိုင်စနစ် ၁၃ ရွာတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တင်ဝင်းတင်

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၁၆

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်လိုသော **မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ** (Myanmar Farmers' Development Party) သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၆ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၂၁ ပါတီဖြစ်၍ စုစုပေါင်း ၂၇ ပါတီ ဖြစ်ပါသည်။ ယင်း ၂၇ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၇ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၂၀ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၉) လမ်း၊ အိမ်အမှတ်(၁၆)တွင် ပါတီရုံးချုပ်တည်ရှိသော **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁၅-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက် အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

မွန်ညီညွတ်ရေးပါတီ (Mon Unity Party)၏ အလံပုံစံ

မွန်ညီညွတ်ရေးပါတီ (Mon Unity Party)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လသာအောက်လမ်း၊ အမှတ် (၆၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၁၅-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)၏ အလံပုံစံ

ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ (၈)ရပ်ကွက်၊ (၅)လမ်း၊ အမှတ် (၂၅၄) တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၁၅-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၏ အလံပုံစံ

ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၁၄) ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေး ကျင်းပ

တာချီလိတ် မတ် ၁၆

(၁၄) ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေးကို ယမန်နေ့က တာချီလိတ်မြို့ 1G1-11 ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖိုဆိုင်း ခိုင်ခန်းဖိထွန်တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် နယ်စပ်ဒေသအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ နယ်စပ်ဖြတ်သန်းသွားလာခွင့်၊ နယ်စပ်စစ်ဆေးရေးဂိတ်များနှင့် နယ်စပ်ကုန်သွယ်ရေး၊ အလုပ်သမားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ မဲခေါင်မြစ်အတွင်း ရေကြောင်းသွားလာမှု၊ နယ်နိမိတ်

မှတ်တိုင်များ စစ်ဆေးခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အခြားကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နှစ်နိုင်ငံ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို တာချီလိတ်မြို့ရှိ အာခါရိုးရာစားသောက်ဆိုင်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(၁၄)ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေး မတိုင်မီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မတ် ၁၄ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသားနယ်နိမိတ်ရေးရာကော်မတီရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ အန်နိုးဆင် ခိုင်ပိညာလာတို့က ဦးဆောင်၍ တာချီလိတ်မြို့ 1G1-11 ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ချဲ့ကားပြောကြား ဝါဒဖြန့်မှုများ

ဗစ်တာ (ကေတုမတီ)

မြန်မာနိုင်ငံတွင် အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့များအနေဖြင့် နိုင်ငံတော်၏ တည်ငြိမ်ရေးကို ပျက်ပြားစေရန်နှင့် ပြည်သူများကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိနေရသည်။

ထိုကဲ့သို့ဝါဒဖြန့်မှုများသည် အကြမ်းဖက်မှုကို အားပေးရာရောက်ကြောင်း အချို့ပြည်သူများက မသိနားမလည်သည့်အတွက် ထပ်ဆင့်ဖြန့်ဝေမှုများကိုလည်း တွေ့မြင်ရသည်။ ဥပဒေဆိုသည်မှာ မသိနားမလည်ဟုဆိုကာ ခွင့်လွှတ်ပေးမည့် အရာမဟုတ်သည်ကို ကျွန်ုပ်တို့ပြည်သူများ သိရှိထားရန်လိုသည်။ ထိုသို့ဖြန့်ဝေမှုများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့်ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့်ပစ္စည်းများကိုပါ သိမ်းဆည်းခံရနိုင်ကြောင်း ဦးစွာသိရှိထားရမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့ယုံကြည်ရာကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ရှိသည်ဟု ဆိုသော်ငြားအများသူငါထိခိုက်နစ်နာစေခြင်း မရှိရန်လိုကြောင်း သဘောပေါက်ထားရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ပြည်ပနိုင်ငံကြီးများက မြန်မာနိုင်ငံတွင်းဖြစ်ပွားလျက်ရှိသည့် အခြေအနေများအပေါ် အမှန်အမှားရောပြွမ်းဖော်ပြလာမှုများ တွေ့မြင်နေရပြီး ၎င်းဖော်ပြမှုများအပေါ် အကျင့်ပျက် မီဒီယာအချို့က ဝမ်းသာအားရ ပုံကြီးချဲ့ဖော်ပြလာမှုများလည်း တွေ့မြင်နေရသည်။ နိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံသားများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန် အသိပေးချက်များ ထုတ်ပြန်သည်မှာ ပုံမှန်လုပ်ရိုးလုပ်စဉ်များပင်ဖြစ်သည်။ မကြာသေးမီရက်ပိုင်းကပင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည့် မြန်မာနိုင်ငံသို့ ခရီးသွားလာမှုဆိုင်ရာ အကြံပြုချက်တွင် မြန်မာနိုင်ငံတွင်း ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်မှုများ၏ အခြေအနေနှင့်ပတ်သက်၍ သွားလာရန်မသင့်သော နေရာဒေသများအဖြစ် ဖော်ပြမှုများ ပြုလုပ်ခဲ့သည်ကို တွေ့မြင်ရသည်။ ထိုသို့ဖော်ပြမှုများသည် ၎င်းတို့ နိုင်ငံသားများအတွက် အကြံပြုချက်မျှသာဖြစ်သော်လည်း မြန်မာနိုင်ငံ၏အခြေအနေအပေါ် ချဲ့ကားပြောဆိုမှုများ ပါရှိကြောင်း တွေ့မြင်ရသည်။

ယင်းသို့ဖော်ပြမှုကို စည်းဝါးကိုက်ထားသည့်အလား အချို့သော ပြည်တွင်းမီဒီယာများက အားရဝမ်းသာစွာဖြင့် မြန်မာပြည်သူများ အကြား အကြောက်တရား ကြီးထွားလာစေရန်နှင့် အစိုးရယန္တရား မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်မှုများ လုပ်ဆောင်နေကြောင်း တွေ့မြင်လာရသည်။ ယင်းမှာ အကြမ်းဖက် အားပေး

> **ယင်းသို့ဖော်ပြမှုကို စည်းဝါးကိုက်ထားသည့်အလား အချို့သောပြည်တွင်းမီဒီယာများက အားရဝမ်းသာစွာဖြင့် မြန်မာပြည်သူများအကြား အကြောက်တရားကြီးထွား လာစေရန်နှင့် အစိုးရယန္တရား မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်မှုများ လုပ်ဆောင်နေကြောင်း တွေ့မြင်လာရသည်။ ယင်းမှာ အကြမ်းဖက်အားပေးသော ဖြန့်ဝေမှုမျှသာ ဖြစ်**

သော ဖြန့်ဝေမှုမျှသာ ဖြစ်သည်။ ထိုသို့သော ရည်ရွယ်ချက်ပါရှိသည့် ဝါဒဖြန့်ချိမှုများသည် ပြည်တွင်းမှ အလုပ်ကိစ္စဖြင့် သွားလာနေကြရသည့် ပြည်သူများအတွက် စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည်။ မကြာမီကာလတွင်လည်း သင်္ကြန်ကာလ နှစ်သစ်ကူးရုံးပိတ်ရက်များ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ပြည်တွင်းနေရပ်ပြန်ခြင်းများ၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်နေသူများအနေဖြင့်လည်း မိခင်နိုင်ငံထံ ပြန်လည်ဝင်ရောက်လာမှုများ ရှိလာတော့မည်ဖြစ်ရာ ထိုသို့သောဝါဒဖြန့်မှုများက ပြည်သူများကို ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ်ပေါ်လာစေနိုင်သည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေရန် ရည်ရွယ်သော လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများအား လူမှုကွန်ရက်များမှတစ်ဆင့် လုပ်ဆောင်နေသူများကို နိုင်ငံတော်အစိုးရက အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေသလို သတင်းထုတ်ပြန် အသိပေးမှုများလည်း ပုံမှန်ပြုလုပ်လျက်ရှိသည်။ နိုင်ငံတွင်း ဖြစ်ပွားနေသော CRPH၊ NUG နှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍လည်း အစိုးရအနေဖြင့် ထိရောက်စွာနှိမ်နင်းလျက်ရှိရာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆီသို့ လျှောက်လှမ်းရာတွင် ပြည်သူများအနေဖြင့်လည်း နောင်လာနောက်သားများအတွက် ရှေးရှု၍ ယခင်ကထက် ပိုမိုပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုက်ရပါသည်။ ။



မော်လမြိုင်မြို့နယ်၌ သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်း ဖြစ်ပေါ်ရေး ပညာပေးခြင်းနှင့် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်

မော်လမြိုင် မတ် ၁၆

မွန်ပြည်နယ်အတွင်း ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ဘေးအန္တရာယ်များမှ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင် ထိရောက်မြန်ဆန်စွာ ကူညီဆောင်ရွက်ပေးလျက်ရှိရာ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မုပွန်ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

နွေဦးကာလနှင့် မိုးကြိုကာလရာသီပြောင်းချိန်တွင် မုန်တိုင်းကျရောက်လေ့ရှိသဖြင့် အသိပညာပေးခြင်းနှင့် ရပ်ကွက်ကျေးရွာအတွင်းရှိ နွမ်းပါးအိမ်ထောင်စုများ၊ အိုမင်းမစွမ်း အိမ်ထောင်စုများ၏ နေအိမ်များ လေပြင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက လူမှုရေးအသင်းအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မော်လမြိုင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်ရှိ ရပ်ကွက်ခြောက်ခု၊ ကျေးရွာသုံးရွာမှ သတ်မှတ်ချက်နှင့်ကိုက်ညီသော အိမ်ခြေ ၉၀၀ ကျော်ကို လေပြင်းဒဏ်ခံကြံ့ခိုင်စွမ်းအားရှိရန် အားဖြည့်ပြင်ဆင်မှုအဖြစ် သွပ်နန်းကြိုးများ တုပ်ဆိုင်းပေးခြင်း၊ ကျားကန်ထောင်မတ်ပေးခြင်း၊ ဝါးထရံ၊ ခနီ၊ သက်ကယ်များ အသုံးပြုပြီး အားဖြည့်ပြင်ဆင်ခြင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မတ် ၁၅ရက်အထိ သဘာဝဘေး စုစုပေါင်း ၇၂ ကြိမ် ဖြစ်ပွားခဲ့ရာ ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်း ငွေကျပ် သိန်း ၃၀၂၄ ကျော် ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

တပ်ကုန်းမြို့နယ် စိန်ပန်းခိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

တပ်ကုန်း မတ် ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ စတုတ္ထအကြိမ် ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စိန်ပန်းခိုင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေ က စိန်ပန်းခိုင်ကျေးရွာရှိ မြစိမ်းရောင်အသင်းသား အသင်းသူများနှင့်တွေ့ဆုံကာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၅၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိန်ပန်းခိုင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး စုစုပေါင်း အသင်းသား အသင်းသူ ၁၀၃ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၅၅ သန်းအား အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ အသင်းသား အသင်းသူများ၏ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းကို ငွေတစ်ရာကျပ်အတွက် တစ်လလျှင် တစ်ကျပ်နှုန်းဖြင့် စီမံကိန်းကာလ တစ်နှစ်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

JJJ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရား၊ စေတီနှင့် အဆောက်အအုံများ ကြည့်ရှုစစ်ဆေး

ပုဂံ မတ် ၁၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇီသည် ယနေ့နံနက်ပိုင်းတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ သိကြားပုန်းဘုရားသို့ ရောက်ရှိပြီး အိန္ဒိယပညာရှင် ASI အဖွဲ့က တာဝန်ယူပြုပြင်ထိန်းသိမ်းမည့် လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အာနန္ဒာဘုရား ပြုပြင်ထိန်းသိမ်းမှု၊ အာနန္ဒာအုတ်ကျောင်း ထိန်းသိမ်းထားရှိမှု၊ အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းနန်းတော်ရာ ထိန်းသိမ်းထားရှိမှုတို့ကို လည်းကောင်း၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်ရှိကလေးပြတိုက်ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပုဂံရှေးဟောင်း သုတေသနပြတိုက်အတွင်း ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အများပြည်သူ လွယ်ကူစွာကြည့်ရှုနိုင်ရေး စနစ်တကျ ခင်းကျင်းပြသရန်၊ ပြခန်းများအလိုက် Reading Corner ထားရှိနိုင်ရေးဆောင်ရွက်ရန်၊ ပြသထားသည့်ပစ္စည်းများ ကြံ့ခိုင်ရေးနှင့် လုံခြုံမှုရှိစေရေး စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြင်းကပါ ဂူပြောက်ကြီးဘုရားနှင့် မြစေတီဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ထိန်းသိမ်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ မြင်းကပါ ဂူပြောက်ကြီးဘုရားမှ ဆင်းတုများကို ပုဂံပြတိုက်တွင် ပြသပါက Caption တွင် Location ထည့်သွင်းဖော်ပြရန်၊ နံရံပန်းချီများတွင်ရှိသော Living ICH များကို မှတ်တမ်းထားရှိရန်၊ မြစေတီကျောက်စာ တွေ့ရှိရာနေရာတွင် Caption များကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ထားရှိရန်၊ ကျောက်စာရုံအတွင်းရှိ အုတ်ချပ်များကို ပြတိုက်သို့ သယ်ယူ၍ စနစ်တကျ စာရင်းမှတ်တမ်းထားရှိသိမ်းဆည်းရန်၊ မြစေတီကျောက်စာရုံ Caption ကို ပြင်ဆင်ဖြည့်စွက်၍ Caption အသစ်လဲလှယ်ရန် မှာကြားသည်။

ဆက်လက်၍ သဗ္ဗညုဘုရားပြုပြင်ထိန်းသိမ်းနေမှုကို လည်းကောင်း၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပြီး နတ်လျောင်းကျောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ညောင်လက်ဖက်ကန်တူးဖော်နေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကာ Water Spill-way ဟု ယူဆရသောနေရာနှင့် တွေ့ရှိသည့်အထောက်အထားများကို စနစ်တကျ ထိန်းသိမ်းထားရှိရန် မှာကြားပြီး ဘုရားသုံးဆူဘုရားနှင့် အစောကြွမ်းဘုရားတို့သို့ သွားရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ခြင်း ဂုဏာဝိသိဋ္ဌပူဇာမဂ်လာ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၆

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်တစ်ပါးနှင့် စေတိယဂ်ဏ ဩဝါဒါစရိယ ဆရာတော်တစ်ပါးတို့အား ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပူဇော်ခြင်း ဂုဏာဝိသိဋ္ဌပူဇာ မဂ်လာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စေတီတော်ရင်ပြင်တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ စေတိယဂ်ဏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇေနာဘိဝံသထံမှ ဇည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားသရဏ္ဌာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသိန်းထွဋ်မောင်က ဂုဏာဝိသိဋ္ဌပူဇာမဂ်လာစကား လျှောက်ထားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံယူရရှိတော်မူခဲ့ကြသည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဇေနာဘိဝံသ အင်းလျားကန်ဖျားတိုက်သစ်ကျောင်း ဆရာတော်နှင့် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဠန၊ လှိုင်ရတနာပရိယတ္တိစာသင်တိုက် ဆရာတော်တို့အား ဂေါပကအဖွဲ့ဝင်များက ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဠနထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

ပြည်ထဲရေးဝန်ကြီးဌာန မီသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မရှိခဏာရောင်ခြည်ကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိသုဇနဘေးမဲ့ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ သံဃတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ညောင်ရိပ်သာကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မဟာသုဒဿနာရာမကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မြဇေယျုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ရေနံချောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ အသောကသီတဂူကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ကုန်းသာမြို့မကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပုဏ္ဏားကျွန်းမြို့၌ အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်

ပုဏ္ဏားကျွန်း မတ် ၁၆

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူငယ်များ ဘက်စုံပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နွေရာသီအခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဆွေက သင်တန်းဖွင့်လှစ်ပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အခြေခံကွန်ပျူတာသင်တန်း၌ သင်တန်းနည်းပြဆရာမ ဒေါ်ဝင်းသူဇာနှင့် ဦးနီထွန်းအောင်တို့က အခြေခံကွန်ပျူတာပညာရပ်များကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိရာ သင်တန်းသို့ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မတ် ၁၆ ရက်မှ ဧပြီ ၈ ရက်အထိ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဂျပန် - တောင်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပ

တိုကျို မတ် ၁၆

ဂျပန်ဝန်ကြီးချုပ် ကိရှိဒါနှင့် တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးတို့သည် ဂျပန်နိုင်ငံ၌ တွေ့ဆုံပြီး နှစ်နိုင်ငံရေးရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံအတွက် ခက်ခဲသည့်မဟာဗျူဟာမြောက်ပတ်ဝန်းကျင်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်ပင် အရေးကြီးသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း ထိပ်သီးအစည်းအဝေး ကျင်းပပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဂျပန်ဝန်ကြီးချုပ် ကိရှိဒါက ဆိုသည်။

ဒေသတွင်း လုံခြုံရေးနှင့် စီးပွားရေး ဆိုင်ရာ မဟာမိတ်နိုင်ငံများ အပါအဝင် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးများနှင့် ပတ်သက်ပြီး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်းနှင့် နှစ်နိုင်ငံ အကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြောင်း တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးက ပြောသည်။

လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုအားကောင်းစေချင်ကြောင်း ခေါင်းဆောင်နှစ်ဦးက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

မြောက်ကိုရီးယား၏ အရှိန်မြှင့် နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုအစီအစဉ်များနှင့် ပတ်သက်၍ စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ၎င်းကိစ္စရပ်များကို အတူတကွ ဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ခေါင်းဆောင်နှစ်ဦးက ဆိုသည်။

ဒုတိယကမ္ဘာစစ်အတွင်း တောင်ကိုရီးယားလုပ်သားပြဿနာများနှင့် ပတ်သက်ပြီး ဂျပန်အစိုးရက လျော်ကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များက ယခင်ကာလများအတိုင်း နှစ်နိုင်ငံအလည်အပတ် ခရီးစဉ်များကို ပြန်လည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက ဆိုသည်။

ဂျပန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးသည် ဒုတိယကမ္ဘာစစ်ပွဲပြီးနောက် အေးစက်သွားခဲ့ပြီး ၁၉၆၅ ခုနှစ်တွင်ဂျပန်အစိုးရက တောင်ကိုရီးယားအစိုးရ၏ တောင်းဆိုမှုများကို ပြန်လည်ဖြည့်ဆည်းပေးခဲ့ပြီးနောက် နှစ်နိုင်ငံ ဆက်ဆံရေးသည် ပြန်လည်ကောင်းမွန်လာခဲ့သည်။ **ကိုးကား - အင်နှ်အိတ်ချ်ကေ**
ဘာသာပြန် - အောင်ကျော်ကျော်

အိန္ဒိယနိုင်ငံက ပထမဆုံးလူသားလိုက်ပါသည့် အာကာသလေ့လာရေးယာဉ် လွှတ်တင်မည်

နယူးဒေလီ မတ် ၁၆

Gaganyaan Mission ဟု အမည်ရသည့် ပထမဆုံးလူသားလိုက်ပါသော အာကာသလေ့လာရေးယာဉ်ကို လွှတ်တင်နိုင်ရန်အတွက် အိန္ဒိယရူပီး ၉၀ ဒသမ ၂၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့်)ရှိ ဘတ်ဂျက်အား အိန္ဒိယအစိုးရ၏ အာကာသပျံသန်းရေးမစ်ရှင်သို့ ခွဲဝေသတ်မှတ်ပေးခဲ့ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီး ဂျီတင်ဒရာဆင်းက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါအာကာသလေ့လာရေးယာဉ်တွင် အဖွဲ့သားသုံးဦး ပါဝင်မည်ဖြစ်ကာ အာကာသအတွင်းရှိ ကမ္ဘာနှင့် အနီးဆုံး ပတ်လမ်းသို့ လွှတ်တင်မည်ဖြစ်ပြီး သုံးရက်အကြာတွင် ကမ္ဘာမြေပြင်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

"အိန္ဒိယအာကာသသုတေသနအဖွဲ့သည် အဆိုပါ အာကာသယာဉ် လွှတ်တင်ရာတွင် အောင်မြင်စေရေးနှင့် နောက်ထပ်အဆင့်မြင့်သော အာကာသမစ်ရှင်များကို လုပ်ဆောင်နိုင်ရန်အတွက် အရေးကြီးသော နည်းပညာများကို တီထွင်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

နိုင်ငံ၏ အာကာသဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် အိန္ဒိယအမျိုးသားအာကာသဖွံ့ဖြိုးတိုးတက်ရေးစင်တာကို ဖွဲ့စည်းထားကြောင်း သိရသည်။ အိန္ဒိယအစိုးရသည် နိုင်ငံ၏ အာကာသဆိုင်ရာ လုပ်ငန်းနယ်ပယ်၌ ခိုင်မာအားကောင်းစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းများအား ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

အာဖဂန်နစ္စတန်ဒုက္ခသည်ပြည်သူ ၄၉၈၆ ဦး အီရန်နိုင်ငံမှ မွေးရပ်မြေသို့ ပြန်လည်ရောက်ရှိ

ကဘူးလ် မတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံ ဒုက္ခသည်ပေါင်း ၄၉၈၆ ဦး လွန်ခဲ့သည့် နှစ်ရက်အတွင်း အိမ်နီးချင်း အီရန်နိုင်ငံမှ ၎င်းတို့၏ မွေးရပ်မြေသို့ ပြန်လည်ရောက်ရှိလာကြောင်း အာဖဂန် ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနသည် နေရပ်ပြန်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အာဖဂန်ဒုက္ခသည်ပြည်သူ ၂၈၀၀၀၀ ခန့်သည် ပြီးခဲ့သော ခြောက်လအတွင်း ၎င်းတို့၏ မွေးရပ်မြေသို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ထို့ပြင် ပြည်ပနိုင်ငံများတွင် နေထိုင်သည့် အာဖဂန်ဒုက္ခသည်ပြည်သူများကို ၎င်းတို့၏ မွေးရပ်မြေသို့ ပြန်လာကြရန် အာဖဂန်အိမ်စောင့်အစိုးရက တောင်းဆိုထားကြောင်း သိရသည်။

လက်ရှိတွင် အာဖဂန်ဒုက္ခသည် ၂ ဒသမ ၅ သန်းကျော်သည် အီရန်နိုင်ငံ၌ နေထိုင်လျက်ရှိပြီး ပါကစ္စတန်နိုင်ငံ၌လည်း အာဖဂန်ပြည်သူ ၂ ဒသမ ၅ သန်းနီးပါး နေထိုင်လျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

ဗီယက်နမ်နိုင်ငံအတွင်းသို့ ပထမဆုံးရောက်ရှိလာသည့် တရုတ်ခရီးသည်အုပ်စုအား ကြိုဆို

ဟန္နိုင်း မတ် ၁၆

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါကာလအပြီး နိုင်ငံအတွင်းသို့ ပထမဆုံးရောက်ရှိလာသည့် တရုတ်ခရီးသည်အုပ်စုအား Huu Nghi နယ်စပ်ဂိတ်၌ ပန်းစည်းများ၊ ရိုးရာယဉ်ကျေးမှုအကများဖြင့် ယနေ့ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ယခုကဲ့သို့ ဗီယက်နမ်နိုင်ငံမှ တရုတ်ခရီးသည်များအား လှိုက်လှိုက်လှဲလှဲ ကြိုဆိုခြင်းသည် တရုတ်-ဗီယက်နမ် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုကို ပြသလိုက်ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ယဉ်ကျေးမှုသံမှူး Peng Shituan က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသို့ လာရောက်သည့် တရုတ်ခရီးသည်များသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအတွက် ပေါင်းကူးတံတားအသွင်ဆောင်ကြောင်းနှင့် ခရီးသွားလုပ်ငန်းသည် နှစ်နိုင်ငံ နိုင်ငံသားများ အချင်းချင်း ဆက်သွယ်ဆက်ဆံမှုကို တိုးမြှင့်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် တရုတ်နှင့် ဗီယက်နမ် အကြား အရေးပါပြီး တရုတ်ခရီးသည်များ နိုင်ငံအတွင်း လာရောက်လည်ပတ်ခြင်းဖြင့် ယခုနှစ်အတွင်း ဗီယက်နမ်၏ စီးပွားရေးကို အထောက်အကူပြုကြောင်း ဗီယက်နမ် အမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ တာဝန်ရှိသူ Ha Van Sieu က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

ကမ္ဘာ့အကြီးဆုံး ဂြိုဟ်တုနည်းပညာနှင့် စက်ပစ္စည်းဆိုင်ရာပြပွဲကို ဝါရှင်တန်မြို့၌ ကျင်းပ

ဝါရှင်တန် မတ် ၁၆

ကမ္ဘာ့အကြီးဆုံး ဂြိုဟ်တုနည်းပညာနှင့် စက်ပစ္စည်းဆိုင်ရာပြပွဲကို ဝါရှင်တန်မြို့၌ ယမန်နေ့တွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ အပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၁၁၂ ခုမှ ပြခန်းပေါင်း ၃၅၀ ကျော် ပြသထားသည်။

ပြပွဲတွင် ပြသထားသည့် နည်းပညာများထဲတွင် စက်ရုပ်လက်မောင်းများ တပ်ဆင်ထားသည့် တိုကျိုအခြေစိုက် startup နည်းပညာကုမ္ဗဏီမှ ဂြိုဟ်တုပုံစံတစ်ခုလည်း ပါဝင်ကြောင်းသိရသည်။

၎င်းကို ကမ္ဘာပတ်လမ်းကြောင်းတွင် လည်ပတ်၍မရသော ဂြိုဟ်တုများနှင့် ချိတ်တွဲကာ ချိန်ညှိခြင်းနှင့် ပြုပြင်မှုများ ပြုလုပ်ရန် လက်များကို တပ်ဆင်အသုံးပြုရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

ထို့ပြင် မြန်နှုန်းမြင့်ကွန်ရက်များမှ တစ်ဆင့် မြေပြင်သို့ ဂြိုဟ်တုဖြင့် ရေကြောင်းဒေတာများ ပေးပို့ရန် ထပ်ဆင့်လွှင့်ပစ္စည်းတစ်ခုကို ပြသထားကြောင်းလည်း သိရသည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် အာကာသနည်းပညာသည်အရေးကြီးကြောင်းနှင့် အာကာသလုပ်ငန်းနယ်ပယ်တွင် စတင်လုပ်ဆောင်လျက်ရှိသည်ကို ပြသခြင်းဖြင့် ဂျပန်နိုင်ငံ၏ အားသာချက်၊ နည်းပညာနှင့် စွမ်းရည်များကို တွေ့မြင်ရမည်ဖြစ်ကြောင်း Sky Perfect JSAT Group မှ ယွန်နီကူရာ အီချိက ပြောကြားသည်။

လက်ရှိစီးပွားရေးနှင့် နိုင်ငံလုံခြုံရေးအတွက် အာကာသဆိုင်ရာနည်းပညာသည် ပိုမိုအရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည့်အချိန်ဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။

ဂျပန်နှင့် အမေရိကန်နိုင်ငံတို့သည် အာကာသအတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် လုပ်ဆောင်လျက်ရှိသည်။

ကိုးကား - အင်နှ်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ Valid for Prior Arrival (VPA) (ဖ၁)ရက် ကျော်လွန်သည့် ပစ္စည်းများဖြစ်သော Ceramic Tiles အချပ် ၅၄ဖစဝ၊ Porcelain Tiles အချပ် ၂ဖ၄၀၀၊ GI Sheet Coil ကီလိုဂရမ် ၂၇၅၀၀၊ Mampoko Baby Wipes ၉၉၀၊ Glass Cup ၉ဖ၇၁ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း ၂၁ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၅၂ဖ၀ဖ၀၁၃ ကျပ်)ကို လည်းကောင်း၊ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော ဘောပင်အချောင်း ၅ဖ၀၀၀၊ Welding Rod ကီလိုဂရမ် ၁၀၂၀ နှင့် Sticker ၄၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၀၂၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၈၁ဖ၀ဝ၀၁ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၂ ရက်တွင် မြ၀တီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Ceiling Bar ကီလိုဂရမ် ၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀)ကို လည်းကောင်း၊ မတ် ၁၄ ရက်တွင် ဘားအံမြို့မှ တောင်ငူမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော M-150 အချိုရည်ဖာ ၁၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ဖ၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Higer Express တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄ဖ၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁ဖ)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် သုံးစီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော Flower Vaccum Steel Flask ၁၃၉၂ ဘူး၊ Iron Pipe ဖ၀၀၀ ကီလိုဂရမ်၊ ပဲတီစိမ်းနီ ၁၇ တန် (ခန့်မှန်းတန်ဖိုးငွေ ဖ၉၅၅၀၄၅၅၁ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Mitsubishi Fuso Truck နှစ်စီး၊ Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁ဝ၉၅၅၀၄၅၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၁၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့က ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ကောင်းမှုတုံအုပ်စု ဟိုနားရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေးရှိ (၃)ထပ်ကားဝင်းအတွင်းရပ်တန့်ထားသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း

မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကောင်းကောင်းတံဆိပ်ပါ ကြက်ဥမရွေးဖာ ၇၀၀၊ လက်ဖက်ရည်ထုပ်နှင့် ကော်ဖီမစ်ထုပ်မျိုးစုံ ဖာ ၁၈၄၀၊ Colour Crepe Paper ကီလိုဂရမ် ၁၅၀၊ Paper Present Box ကီလိုဂရမ် ၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ဝဖ၀၃၅၁၁၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Faw Truck တစ်စီး၊ Dongfeng Tractor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ဖ၁ဝ၃၅၁၁၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံလွင်တံတား(မော်လမြိုင်)စစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ဘက်ခြမ်းရှိ ကားလမ်းဘေးတွင် စုပုံထားသော အကောက်ခွန်မဲ့ ပုစွန်နှစ်ကောင်တံဆိပ်ပါ စားသုံးဆီ လီတာ ၄၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ကိုင်းနယ်မြေရဲစခန်း ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ စီးတီးရပ်ကွက် ဆွမ်းချက်သံလမ်းကူးအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ အကောက်ခွန်မဲ့ စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းမျိုးစုံဖြစ်သည့် ကုန်ပစ္စည်း ၃၄ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၃ဝ၁၂၈ဝ၀၁ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော NISSAN Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ဝ၀ဝ၀ဝ၀ဝ) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ဝ၁၂၈ဝ၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မတ် ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့် မြို့နယ်အသီးသီးအလိုက် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖြူးမြို့နယ်နှင့် လက်ပံတန်းမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ် ၉ ဒသမ ၇၃ တန်နှင့် အခြားသစ်မျိုးစုံ ၄၈ ဒသမ ၇၀၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၉ဝ၈၃၃၃၄ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၉ ရက်၊ ၁ဝ ရက်၊ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၃ မှ (ခန့်မှန်းတန်ဖိုးငွေ ၈၅၇၇၁၄၄၈၇၈ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

မြစ်ကြီးနားမြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၆

မြစ်ကြီးနားမြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက် မွန်းလွဲ ၃ နာရီတွင် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်ရှိမြို့ပတ်လမ်းတွင် ဇော်ရှိန်း မောင်းနှင်ပြီး ချိုလင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး

ရှာဖွေရာ ဇော်ရှိန်းထံမှ စိတ်ကြွရှူးသွပ်ဆေးပြား ၅၇၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စု (၁၃)မိုင်ကျေးရွာအနီးတွင် ကျ၀(ခ)ဒါဒေ့ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရှူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၃-၂၀၂၃ သောကြာနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပေတ္တသုတ်၊ ရတနာသုတ်၊ဟောဗျူဂ်သုတ်အန္တရာယ်တင်း ပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ **"တောင်ပေါ်ဒေသနောင်ချိုးအလု"**
၀၉:၃၅ "မြန်မာပြည်သူများ၀ေါ်မီအောင်မြင့်စွာ အသုံးပြုနိုင်မည့် EV လျှပ်စစ်ယာဉ်"
၀၉:၅၀ (၇၀)နှစ်မြောက်တပ်မတော်နေ့ဝုက်ပြု တေးသီချင်း
၀၉:၅၅ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူပျစီးပွားသတင်းများ
၁၁:၃၀ ကလောင်စွမ်းဖြင့်ဥဒက်အလင်းတံခါး ဖွင့်ပေးကြသူများ
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဝေ့ရှလင့်ခြင်းအိပ်မက်"** (အပိုင်း-၂)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"ယုံကြည်ဇာလမ်း"** (အပိုင်း-၁၉)
၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
၁၆:၃၅ **"မျိုးဂုဏ်တင်စေသိုကရေးတီးအမွေ"**
၁၇:၃၅ **"မြန်ဟုတျာက်ဖျက်ရတနာ"**
၁၇:၃၀ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာ...သိရိဂဝဟာ
၁၉:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဝေ့ရှလင့်ခြင်းအိပ်မက်"** (အပိုင်း-၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေ၀သာခြေအနေ
၂၁:၀၀ (၇၀)နှစ်ပြောက်တပ်မတော်နေ့ဝုက်ပြု **"ပြည်ချစ်သားမွန် တေးသဝဏ်"** တေးဂီတ ရော်ပြေပြွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၄)
၂၂:၀၀ (၇၀)နှစ်ပြောက်တပ်မတော်နေ့ဝုက်ပြု ဇာတ်လမ်း **"ကြယ်နှင့်အတူ"** (အပိုင်း-၁၆)

mtv

07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
07:08 The Mandolinist
07:36 Let's Taste Delicious Insects: Spicy Sour Acacia Leaf and Sago Worm Curry and Cricket and Tamarind Paste Curry
08:01 News
08:28 A Journey To Southern Shan State (Ep-3)
08:44 Dough Artist's Dream
08:56 Mandalay, The Golden City
09:01 Bagan Choral Dance
09:07 Five-Star Ocean Liners in Myanmar Waters
09:22 Mularsheedi we love!
09:33 Pan Tamawt... Stone Carving
10:01 News
10:25 Topical Topics (No.28) Expand Sown Acreage of Oil Crops & Choose Quality and Safe Products
10:30 Wushu Kids & Their Limit (Ep-1)
10:43 Discovering Tribes: Da Nu (Their Life and Customs) (Part-1)

MRTV NRC

ချင်း (လိုင်ဆိုး) (၀၆:၀၀ မှ ၀၇:၀၀)
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)
ချင်းပိုးရာဝတ်စားဆင်ယင်မှုများနှင့်အဓိဗွာယ်များ
မွန် (၀၈:၀၀ မှ ၁၀:၀၀)
သပြုသီးဟင်းနှင့်ပုစွန်ကြော်
ရခိုင် (၁၀:၀၀ မှ ၁ ၂:၀၀)
ရိုအုန်းတောင်သူရိုးဘဝ
ရှမ်း (၁ ၂:၀၀ မှ ၁၄:၀၀)
ဟောတိုဌာနေမြို့ညောင်ရှေနှင့်အင်းလေးအလှ
'ဝ' (၁၄:၀၀ မှ ၁၆:၀၀)
စာအာတူတူဖတ်ကြရအောင်
ကချင် (၁၆:၀၀ မှ ၁၈:၀၀)
ငါးပေါင်းချက်ကြမယ်
ကယား (၁၈:၀၀ မှ ၂၀:၀၀)
ခွဲပက်ဗွယ်ရာထီးရိုးဆေးပိဿာတောင်တော်သဘာဝလိုက်ဂူ
၀ဂကကရင် (၂၀:၀၀ မှ ၂၁:၀၀)
သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက် ပြုလုပ်နည်း
အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၀)
အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

MRTV NEWS

၀၆:၀၀ အဖွင့်၊ဝေးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၄၅ ရသစုံစာဂျီမြေကမ္ဘာ
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁ ၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအကြောင်းဇာတ်လမ်းတို **"တစ်ဝင်နှင့်တစ်ဝယား"**
၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေအိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးပန်း (အပိုင်း-၅)
၁၁:၀၀ နိုင်ငံတကာလွှတ်တော်ပွဲများအကြောင်း (ကိုဗီးယားနိုင်ငံ)(အပိုင်း-၁)
၁၁:၃၀ "အတွေးအမြင်" (အပိုင်း-၅)

MRTV FARMERS

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နွားတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ သဘာဝအလှတရားတို့ထိတွေ့ခဲ့ရာ သည်ခရာ
၀۷:၁၀ ကျေးလက်ကွန်ရက်
၀۷:၄၅ တောင်သူမှယည်တောင်သူဆီသို့
၀۸:၃၀ မြန်မာ့ဂုဏ်ဆောင်ရှားပါးရောဝတီ လင်းပိုင်ပျား
၀۹:၀၀ ချစ်သက်သေ(ဇာတ်လမ်းတို)
၀۹:၁၅ သဘာဝနန်းကျင်းပဂျက်စိုက်ပျိုးရေး
၀۹:၄၀ ဂရအစက်ချစိုက်နည်းစနစ်ဝင်ငွေတိုးပယ့် နည်းလမ်းသစ်

MRTV SPORTS

၀۷:၀၀ အဖွင့်
၀۷:၃၀ အခြေခံအားကစားနည်းစနစ်များ
၀۷:၅၀ Sports News
၀۸:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀۸:၄၅ အားကစားလောကထဲကသူတို့အကြောင်း
၀۸:၅၀ မြန်လည်ခံစားမြန်မာနေရှင်နယ်လိုင် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ ဇေ့ဘဉ် နံနက် (၉:၀၀)နာရီမှ
တစ်ကြိမ်သွင် (၄)နာရီ (၆)ကြိမ်နဲ့ (၄)နာရီ ထုတ်သွင်ပြသပေးသွားတာရှိပါသည်

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သား တစ်ဦးသေဆုံး၊ အသက် ရှစ်နှစ်အရွယ် ကလေးငယ် တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရ

နေပြည်တော် မတ် ၁၆

မွန်ပြည်နယ် ရေးမြို့နယ်သို့ ဆေးကုသရန်သွားရောက်သည့် မော်တော်ယာဉ်တစ်စီးအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သည့်အတွက် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၅ ရက် နံနက် ၈ နာရီခွဲခန့်တွင် ရေးမြို့နယ် ကျောင်းရွာကျေးရွာနေ ဦးလွင်မိုးအေးသည် ၎င်း၏ညီမဖြစ်သူ မဇင်မိုးအေးနှင့်တူဖြစ်သူ မောင်အောင်ဇာနည်ဟိန်း(၈)နှစ်တို့နှင့်အတူ ရေးမြို့တွင် ဆေးကုသရန်သွားရောက်စဉ် ကံလှကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ဦးလွင်မိုးအေးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး မဇင်မိုးအေးနှင့် မောင်အောင်ဇာနည်ဟိန်းတို့တွင် ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဆိုင်ကယ်များဖြင့် စုံပဒေါက်ကျေးရွာဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် သေဆုံးသူ၏ ရုပ်အလောင်းအား ရေးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာ နှစ်ဦးအား မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ရေးမြို့နယ် ကံလှကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားများ သေဆုံး၊ ဒဏ်ရာရရှိမှု ဖြစ်စဉ်မှတ်တမ်းဓာတ်ပုံ။



ရေးမြို့နယ် ကံလှကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားများ သေဆုံး၊ ဒဏ်ရာရရှိမှု ဖြစ်စဉ်ပြပုံ။

အထက်ပါဖြစ်စဉ်တွင် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅(ကျ)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-ကတို့ အပေါ် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဧနီ၊ ဇူလိုင် ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မင်းလှရပ်ကွက်နေ ရဲနိုင်သည် ၎င်းအသုံးပြုသည့် “Ye Naing” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်နေ ဇော်မျိုး(ခ)ချိုကြီးသည် ၎င်းအသုံးပြုသည့် “Zaw Myo ZM” Facebook အကောင့်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်ရတနာရပ်ကွက်နေ ရဲဇော်ထွေး(ခ) ဇော်ဇော် (ခ)ကိုတိုးသည် ၎င်းအသုံးပြုသည့် “Ye Zaw Mgy” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မတ် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိုလျက်ရှိသည်။

၁၈-၃-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၅)၊ အမှတ်(၁၁)တွင် ၄က်အစာကျွေးသည့်အိမ်ကို ကိုယ်တိုင်တီထွင်ပြီး ၄က်ကလေးများကို အစာကျွေးသည့် ဖွေးဌနှင့်ချစ်သွေးတို့ မောင်နမနှစ်ယောက်အကြောင်းကို တင်ဆက်ထားသည့် **“၄က်ကလေးတွေ အစာကျွေးမယ်”** မျက်နှာဖုံးကာတွန်းဇာတ်လမ်း၊ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်၍ ပြန်လာကာ မိဘ၏ လယ်ယာမြေများကို ဦးစီးလုပ်ကိုင်ပြီး မိဘကျေးဇူးကိုဆပ်သည့် ကိုကြီးဖြူး အကြောင်း တင်ဆက်ထားသည့် “ဆုရတီအောင်-ကျေးဇူးတရား” နှစ်မျက်နှာကာတွန်း၊ သရုံ့ကောင်သော ရွှေဖဲကို သရုံ့ဘဏ်စမ်းမေးခွန်းမေးသည့်အခါ သူ၏တွေးတောမှုဆင်ခြင်ဉာဏ်ဖြင့် ဖြေသွားပုံအကြောင်းကို တင်ဆက်ထားသည့် “ရွှေဖဲ” တစ်မျက်နှာကာတွန်း၊ ယင်နှားစာများစားမိလျှင် ရောဂါရရှိမှာဖြစ်ပြီး သန့်ရှင်းမှုဖြင့် နေထိုင်စားသောက်လျှင် ရောဂါကင်းရှင်းမည့် အကြောင်းတင်ဆက်ထားသည့် **“ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး”** နှစ်မျက်နှာကာတွန်း၊ လူမှန်လျှင် အကျိုးရှိမည့်အလုပ်ကို အမြဲလုပ်နေရမည်ဟူသော ဗဟုသုတအသိကို စာဖတ်ခြင်းမှ ရရှိသည့်အကြောင်း တင်ဆက်ထားသည့် “ရန်ပိုင်စိုး” နှစ်မျက်နှာကာတွန်း၊ ကိုဗစ် - ၁၉ ရောဂါကို ကာကွယ်ရန် အပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ရန်၊ လက်ဆေးရန်နှင့် စည်းကမ်းများကို သတိပြုလိုက်နာစေချင်သည့်အကြောင်း ရေးဖွဲ့ထားသည့် “ကိုဗစ်-၁၉ ရောဂါ” ကဗျာကဏ္ဍ၊ သူ၏စက်ဘီးကို မိုးပေါ်ပျံနိုင်ရန် အတောင်နှင့် စက်တပ်ပေးရမည်ဟု သူငယ်ချင်းကို ဟာသဖြစ်ဖွယ် ပြောကြားထားသည့်အကြောင်း တင်ဆက်ထားသည့် “ဖိုးတစ်တို” မျက်နှာဝက်ကာတွန်း၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

■

ဓနုဖြူမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေး

ဓနုဖြူ မတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်သည့် တော်ကြီးကျေးရွာသို့ ကျေးလက်ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်၊ တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်တို့က ကွင်းဆင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံခဲ့သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် တော်ကြီးကျေးရွာအတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၆၇၂ ပေ x ၈ ပေ x ၆ လက်မ) ကို နိုင်ငံတော်မှထောက်ပံ့ ငွေကျပ်သိန်း ၁၀၀၊ ပြည်သူလူထုထည့်ဝင် ငွေကျပ် ၁၂ သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❍ ကျောဖုံးမှ

အခုပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဘင်ဇီမာဟာ အခြားကစားသမားတွေထက် ချန်ပီယံလိဂ်မှာ လီဗာပူးအသင်းဘက်ကို ဂိုးပိုသွင်းနိုင်ခဲ့ပြီး ခုနစ်ဂိုးအထိ ရှိလာခဲ့တာဖြစ်ပါတယ်။ လီဗာပူးအသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ဘောလုံးရာသီသုံးရာသီဆက်တိုက် ချန်ပီယံလိဂ် မျှော်လင့်ချက်မဲ့ခဲ့ရတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ် အသင်းဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ကို ၁၉ ကြိမ်အထိ တက်လှမ်းထားခဲ့ဖူးကာ ၁၄ ကြိမ် ချန်ပီယံဖြစ်ထားတဲ့အသင်းဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အောင်မြင်မှုအရှိဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ထားတာဖြစ်ပါတယ်။

နာပိုလီအသင်းနဲ့ ဖရန့်ဖက်အသင်းတို့ရဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့မှာ နာပိုလီအသင်းက အိုဆင်မန်ရဲ့သွင်းဂိုးနှစ်ဂိုး၊ ဇီလင်စကီးရဲ့ သွင်းဂိုးတစ်ဂိုးတို့နဲ့ သုံးဂိုးပြတ်အနိုင်ရရှိခဲ့ကာ ပထမအကျော့မှာ နှစ်ဂိုးပြတ်အနိုင်ရရှိထားတာကြောင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုးပြတ်နဲ့ နာပိုလီအသင်းက ကွာတားဖိုင်နယ်အဆင့် တက်လှမ်းခဲ့တာဖြစ်ပါတယ်။ နာပိုလီတိုက်စစ်မှူး အိုဆင်မန်ဟာ အခုဘောလုံးရာသီမှာ နာပိုလီအသင်းအတွက် ၂၈ ပွဲမှာ သွင်းဂိုး ၂၃ ဂိုးသွင်းယူထားတာဖြစ်ပါတယ်။ **ငွေကြေယ်**

❍ MNL ပြိုင်ပွဲမှ

ရခိုင်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်းက ချေပဂိုးပြန်ရရန် ဆက်တိုက်ဖိကစားခဲ့ပြီး ၂၃ မိနစ်တွင် ဇော်ဝင်းသိန်းက ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းက ဂိုးထပ်ရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။ သို့သော် ရခိုင်အသင်းက ခံစစ်ကို အမှားအယွင်းမရှိအောင် ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးကို ၈၈ မိနစ်တွင် သန်းတိုးအောင်က သွင်းယူခဲ့သည်။

ရတနာပုံအသင်း ပထမဆုံးနိုင်ပွဲရ

သုဝဏ္ဏကွင်းခ်ဲ့ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ဒဂုံစတားအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ပထမဆုံးနိုင်ပွဲရခဲ့သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ၅၁ မိနစ်တွင် မိုးဆွေ၊ ၇၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် သက်ဟိန်းစိုးတို့က သွင်းယူပြီး ဒဂုံစတားအတွက် ချေပဂိုးကို ၆၈ မိနစ်တွင် ဝေလင်းအောင်က သွင်းယူခဲ့သည်။

ပွဲစဉ်(၅) တတိယနေ့အဖြစ် မတ် ၁၇ ရက်တွင် သုဝဏ္ဏကွင်းခ်ဲ့ GFA အသင်းနှင့် အား/ကာသိပ်ပွဲအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ကိုညီလေး**

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၁၆

ရခိုင်ပြည်နယ်အတွင်း ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ယနေ့တွင် မြေပုံမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာ ၁၃ ဦးအား ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်စိခွဲစိတ်လူနာများအား မျက်မှန်များတပ်ဆင်ပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် အဆိုပါလူနာများအား မြေပုံမြို့ ဆိပ်ခံတံတားသို့ ပြန်လည်ပို့ဆောင်ပေးသည်။

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မြေပုံမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၁၄၆၉ ဦးအား မြေပုံမြို့ ပညာဗိမာန်ရိပ်သာ ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၀၁ ဦး၊ ခွဲစိတ်ရောဂါ ၅၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၃ ဦး၊ ကလေးရောဂါ ၈၄ ဦး၊ အရိုးရောဂါ ၂၉၄ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၇၅ ဦး၊ မျက်စိရောဂါ ၂၄၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၆၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၂၇ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၀၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ လေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၃-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၁၀	၂၀၅၅	၂၀၅၀	၂၀၁၅	၂၀၅၅	၂၀၈၀	၂၀၆၅	၂၀၄၀	၂၁၄၀	၂၁၅၅	၂၀၅၀	၂၀၅၅	၂၀၉၅	၂၀၉၅	၂၀၉၅	၂၃၂၅	၂၈၁၀
95 Ron	၂၀၉၅	၂၁၄၅	၂၁၄၀	၂၁၀၅	၂၁၄၀	၂၁၆၅	၂၁၅၀	၂၁၃၀	၂၂၂၅	၂၂၄၀	၂၁၃၅	၂၁၅၀	၂၁၈၀	၂၁၈၀	၂၁၈၅	၂၄၁၀	၂၈၈၅
HSD (500 ppm)	၂၀၂၀	၂၀၇၀	၂၀၆၅	၂၀၃၀	၂၀၆၅	၂၀၉၀	၂၀၈၅	၂၀၅၅	၂၁၇၅	၂၁၇၀	၂၀၆၀	၂၀၇၀	၂၁၀၅	၂၁၀၅	၂၁၁၀	၂၃၄၀	၃၁၀၀
HSD (50 ppm)	၂၁၀၀	၂၁၅၀	၂၁၄၅	၂၁၁၀	၂၁၄၅	၂၁၇၀	၂၁၆၅	၂၁၃၅	၂၂၅၅	၂၂၅၀	၂၁၄၀	၂၁၅၀	၂၁၈၅	၂၁၈၅	၂၁၉၀	၂၄၂၀	၃၁၃၀
HSD (10 ppm)	၂၁၀၀	၂၁၅၀	၂၁၄၅	၂၁၁၀	၂၁၄၅	၂၁၇၀	၂၁၆၅	၂၁၃၅	၂၂၅၅	၂၂၅၀	၂၁၄၀	၂၁၅၀	၂၁၈၅	၂၁၈၅	၂၁၉၀	၂၄၂၀	၃၁၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၀၄	၁၉၇၅
95 Ron	၁၉၈၇	၂၀၆၀
HSD (500 ppm)	၁၉၁၉	၁၉၈၆
HSD (50 ppm)	၁၉၉၂	၂၀၆၂
HSD (10 ppm)	၁၉၉၂	၂၀၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကြက်ငှက်တုပ်ကွေးအန္တရာယ် သတိရှိစေဖွယ်

တင်ထက်ထက်ဇော်



၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလလယ်မှစ၍ အာရှနိုင်ငံတချို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့လျက်ရှိပြီး ယနေ့အချိန်အထိ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးအန္တရာယ် စိုးရိမ်ဖွယ်ရှိနေသည်။

ကြက်ငှက်တုပ်ကွေးရောဂါ

ကြက်ငှက်တုပ်ကွေးရောဂါသည် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး တစ်မျိုးဖြစ်သော H5N1 ရောဂါပိုးကြောင့် ဖြစ်ပေါ်လာရသည်။ ထိုရောဂါပိုးသည် အာရှတစ်ခွင်၌ ပေါ်ပေါက်နေခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုခန့် ရှိခဲ့ပြီဖြစ်သည်။ ရောဂါပိုးနှင့် ထိတွေ့မိသော လူသားများအဖို့ အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ကြီးမားလှသည်။ H5N1 ဗိုင်းရပ်စ်ပိုးသည် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ဖြစ်စေနိုင်သည်။ ကူးစက်ခံရသူ၏အဆုတ်ထဲသို့ နက်ရှိုင်းစွာဝင်ရောက်ထိုးနှက်လေ့ရှိပြီး အထူးသဖြင့် လူကိုသေစေနိုင်လောက်သည့် ဘေးအန္တရာယ်ဖြစ်စေသည်။

H5N1 ဗိုင်းရပ်စ်ပိုးကို တိုက်ဖျက်သော Antiviral ဆေးဝါးဖြစ်သည့် oseltamivir (Tamiflu) သည် စမ်းသပ်စဉ်က အောင်မြင်မှုအလားအလာများစွာကောင်းမွန်ခဲ့သော်လည်း ရောဂါလက္ခဏာများအရ ဗိုင်းရပ်စ်ပိုးကူးစက်ခံရကြောင်း သိရှိရပြီး ၄၈ နာရီအတွင်း ထိုကာကွယ်ဆေးကို အသုံးပြုရမည်ဖြစ်သည်။ ထို့ကြောင့် ကာကွယ်ဆေးကို အသုံးပြုမည်ဆိုပါက ရောဂါလက္ခဏာကို လျင်မြန်စွာသိရှိနိုင်ရန် အထူးလိုအပ်သည်။ နောက်ဆုံးတွင် ဤတုပ်ကွေးရောဂါနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် အကောင်းဆုံးလုပ်ငန်းစဉ်မှာ ကုသရန်ထက် ကြိုတင်၍ကာကွယ်ထားရန်ပင်ဖြစ်သည်။

> **“ရောဂါပိုးဝင်ရောက်ပြီး နှစ်ရက်မှ ရှစ်ရက်အတွင်း ရောဂါလက္ခဏာများကို ခံစားရလေ့ရှိသည်။ အများဆုံးတွေ့ရသောလက္ခဏာများအနေဖြင့် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကြွက်သားနာကျင်ခြင်း၊ မျက်စိနာကျင်ခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ခေါင်းကိုက်ခြင်းနှင့် အသက်ရှူမြန်ခြင်း စသည်တို့ကိုခံစားရလေ့ရှိသည်။ ရောဂါဖြစ်ပေါ်ပြီး နောက်ဆက်တွဲဆိုးကျိုးများ အနေဖြင့် အဆုတ်ရောင်ရောဂါ၊ အဆုတ်အလုပ်မလုပ်နိုင်တော့ခြင်း၊ အသက်မရှူနိုင်တော့ခြင်း၊ ကျောက်ကပ်မကောင်းခြင်း၊ နှလုံးပြဿနာများဖြစ်ခြင်း စသည့် အသက်အန္တရာယ်စိုးရိမ်ရသည့် လက္ခဏာများကြုံတွေ့ရနိုင်”**

ရောဂါလက္ခဏာများ

ရောဂါပိုးဝင်ရောက်ပြီး နှစ်ရက်မှ ရှစ်ရက်အတွင်း ရောဂါလက္ခဏာများကို ခံစားရလေ့ရှိသည်။ အများဆုံးတွေ့ရသောလက္ခဏာများအနေဖြင့် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကြွက်သားနာကျင်ခြင်း၊ မျက်စိနာကျင်ခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ခေါင်းကိုက်ခြင်းနှင့် အသက်ရှူမြန်ခြင်း စသည်တို့ကိုခံစားရလေ့ရှိသည်။ ရောဂါဖြစ်ပေါ်ပြီး နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် အဆုတ်ရောင်ရောဂါ၊ အဆုတ်အလုပ်မလုပ်နိုင်တော့ခြင်း၊ အသက်မရှူနိုင်တော့ခြင်း၊ ကျောက်ကပ်မကောင်းခြင်း၊ နှလုံးပြဿနာများဖြစ်ခြင်း စသည့်အသက်အန္တရာယ်စိုးရိမ်ရသည့်လက္ခဏာများ ကြုံတွေ့ရနိုင်သည်။

အိန္ဒိယနိုင်ငံ၏ ကြက်ငှက်တုပ်ကွေးရောဂါအခြေအနေ

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ အစိုးရမွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုများ ဖြစ်ပွားပြီးနောက် ပြည်နယ်အာဏာပိုင်များက ဂျာခန်ပြည်နယ်၌ ရောဂါပိုးကူးစက်မှုဆိုင်ရာ သတိပေးချက်တစ်ရပ်ကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါရောဂါကူးစက်မှုများသည် ပြည်နယ်မြို့တော် ဂျာခန်၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၂၀ အကွာရှိ ဘိုကာရိုခရိုင်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါကူးစက်မှုကြောင့် မွေးမြူရေးခြံတစ်ခြံမှ ကြက်ကောင်ရေ ၇၀၀ မှ ၈၀၀ အထိ သေဆုံးသွားကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ခဲ့သည်။ ရောဂါပိုးကူးစက်မှုဖြစ်ပွားပြီးနောက် ပြည်နယ်အတွင်းရှိ ခရိုင်ပေါင်း ၂၄ ခုတွင် အခြေအနေကို စောင့်ကြည့်ကြရန် ပြည်နယ်အစိုးရက ညွှန်ကြားထားသည်။

ထို့ပြင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုဖြစ်ပွားပြီးနောက် တာဝန်ရှိသူများသည် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကူးစက်မှုဖြစ်ပွားသည့် မွေးမြူရေးခြံမှ ကျန်ရှိနေသည့် ကြက်များအား ရှင်းလင်းပစ်ရန် ဆုံးဖြတ်ခဲ့သည်။ ယင်းနောက် တိရစ္ဆာန်မွေးမြူရေးဌာနမှ တာဝန်ရှိသူများက ရောဂါကူးစက်မှုဖြစ်ပွားသည့် မွေးမြူရေးခြံမှ ၁၀ ကီလိုမီတာအကွာရှိ ဒေသအား စောင့်ကြည့်ရေးဇုန်အဖြစ် သတ်မှတ်ခဲ့ပြီး ရောဂါကူးစက်မှုများ ပျံ့နှံ့မှု ရှိ၊ မရှိကို စောင့်ကြည့်လျက်ရှိသည်။

ဂျပန်နိုင်ငံ၏ ကြက်ငှက်တုပ်ကွေးရောဂါအခြေအနေ

ကြက်ငှက်တုပ်ကွေးကြောင့် ၂၀၂၂- ၂၀၂၃ ကြက်ငှက်တုပ်ကွေး ဂျပန်နိုင်ငံတစ်ဝန်း၌ သုတ်သင်ရှင်းလင်းရမည့် ကြက်ငှက်အရေအတွက်စုစုပေါင်းမှာ ၁၅ ဒသမ ၀၂ သန်းအထိ စံချိန်တင်မြင့်တက်လာနိုင်ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက မတ်လ ၂ ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။ လက်ရှိ ကြက်ငှက်တုပ်ကွေးရာသီအတွင်း ဂျပန်စီရင်စု ၂၅ စု၊ နေရာပေါင်း ၇၇ နေရာတို့၌ ဗိုင်းရပ်စ်ကူးစက်မှုများရှိနေကြောင်းနှင့် ထိုဗိုင်းရပ်စ်များသည် ဂျပန်နိုင်ငံ၌ ဆောင်းရာသီဝင်ရောက်ချိန်တွင် ဆောင်းကာလ အသိုက်ပြောင်းငှက်များနှင့်အတူ ပါလာတတ်ကြောင်းသိရသည်။

ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုနှင့် တိရစ္ဆာန်အစာစျေးနှုန်း ကြီးမြင့်မှုကြောင့် ဂျပန်နိုင်ငံ၌ ကြက်ဥစျေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ဂျပန်ဒေသတွင်းမီဒီယာတစ်ခုက ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဖော်ပြထားသည်။ နိုင်ငံတွင်း၌ ကြက်ဥစျေးနှုန်း မြင့်တက်လာမှုကြောင့် နာမည်ကြီးစားသောက်ဆိုင်များတွင် ရောင်းချသည့် ဟင်းလျှာစျေးနှုန်းများမှာလည်း မြင့်တက်လာခဲ့ကြောင်းနှင့် မြို့တော်တိုကျို၌ ကြက်ဥစျေးနှုန်းသည် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် တစ်ကီလိုလျှင် ၃၃၅ ယန်း (ဒေါ်လာ ၂ ဒသမ ၂၉) အထိ မြင့်တက်လာပြီး ယင်းပမာဏသည် ပြီးခဲ့သည့်နှစ်က စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၈၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်းတို့ကို Nikkei Asia သတင်းဌာနက ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်နှောင်းပိုင်း၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားခဲ့ပြီး ကြက်စာစျေးနှုန်းမြင့်တက်လာမှုကြောင့် မွေးမြူရေးသမားများက ဥစားကြက်အရေအတွက်ကို လျှော့ချရာမှ ကြက်ဥမလုံလောက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် ကြက်များကို သုတ်သင်ခဲ့ရခြင်းကြောင့် ကြက်ဥစျေးနှုန်း ပို၍မတည်မငြိမ်ဖြစ်စေခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ကြက်ငှက်တုပ်ကွေးရောဂါအခြေအနေ

ကမ္ဘောဒီးယားနိုင်ငံရှိ မိသားစုတစ်စုတွင် လူနှစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရပြီးနောက် ယင်းကူးစက်မှုသည် စိုးရိမ်ရသောကြောင့် ကမ္ဘောဒီးယားအစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါနိုင်ငံတွင် H5N1 ကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်ခံရပြီး အသက် (၁၁) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီးနောက် အစိုးရက ၎င်းနှင့်ထိတွေ့ခဲ့သူ ၁၂ ဦးအား စစ်ဆေးခဲ့သည်။ ထို့ပြင် ရောဂါကူးစက်ခံရပြီး သေဆုံးသွားသည့် မိန်းကလေးငယ်၏ဖခင်ဖြစ်သူမှာ ရောဂါပိုးကူးစက်ခံထားရပြီး ဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရက ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အတည်ပြုထားသည်။

ထို့ကြောင့် ကမ္ဘောဒီးယားနှင့် ကမ္ဘာ့နိုင်ငံများ၌ ဖြစ်ပွားသည့် H5N1 ကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်မှုသည် စိုးရိမ်ဖွယ်ကောင်းသည့်အခြေအနေတွင် ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရောဂါကူးစက်ကာကွယ်ရေးနှင့် ထိန်းချုပ်ပြင်ဆင်ရေးညွှန်ကြားမှုရုံး (CDC)မှ အကြီးအကဲ ဒေါက်တာ ဆီလ်ဗီဘရိုင်ယန်က အသိပေးပြောကြားထားသည်။

အထူးစောင့်ကြည့်ရန်လိုအပ်

အကယ်၍ H5N1 ဗိုင်းရပ်စ်ပိုးသည် သန္ဓေမပြောင်းဘဲ ကူးစက်မှုပိုမိုဖြစ်ပွားလာပါက အဆိုပါဗိုင်းရပ်စ်ရောဂါပိုးသည် အရှေ့တောင်အာရှတွင် နေထိုင်သူများအတွက် ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ်ဆက်လက်တည်ရှိနေလိမ့်မည်ဖြစ်သည်။ အကယ်၍ ထိုဗိုင်းရပ်စ်ပိုးသည် သန္ဓေပြောင်းလဲသွားသည်ဆိုပါက မည်သည့်ပြောင်းလဲမှုများ ဖြစ်လာသည် (ပို၍ ဆိုးရွားပြင်းထန်လာမည် သို့မဟုတ် ဆိုးရွားမှုများ လျော့နည်းသွားမည်) တို့ကိုသိရှိရန် ခက်ခဲပေလိမ့်မည်။

ဤအခြေအနေနှစ်မျိုးအနက် မည်သည့်အခြေအနေမျိုးတွင်မဆို သိပ္ပံပညာရှင်များသည် ယခင်က မရှိခဲ့ဖူးသေးသော နည်းစနစ်သစ်များ၊ လက်နက်ကိရိယာများကို ရရှိထားကြပြီဖြစ်ရာ ထိုနည်းစနစ်များနှင့် ရောဂဇန္တရကပ် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားမလာအောင် တားဆီးကြရပေဦးမည်။

ကြိုတင်ကာကွယ်ခြင်းသည်သာ အခရာ

မည်သို့ပင်ဆိုစေကာမူ “ကြိုတင်ကာကွယ်ခြင်းသည်သာ အခရာ” ဟူသော ဆိုရိုးစကားအတိုင်း မလွဲမသွေလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ H5N1 ဗိုင်းရပ်စ်ပိုးအန္တရာယ်မှ ရှောင်ရှားနိုင်ရန်အတွက် ကြက်၊ ဘဲ၊ ငုံးတို့၏ အသားနှင့် ဥတို့ကို မကျက်တကျက်ချက်ပြုတ်စားသောက်ခြင်းကို ရှောင်ကြဉ်ရပါမည်။ အသားများကို အပူချိန် 165°F (74°C) အပူချိန်အထိ ချက်စားနိုင်မှသာ စိတ်ချရပါမည်။ ဥများကိုလည်း အနှစ်နှင့်အကာ လုံးဝမာပြီး ကျက်သွားသည်အထိ ချက်ပြုတ်ရပါမည်။ ကြက်၊ ဘဲ၊ ငုံးများဖြင့် ထိတွေ့ထားသည့် ပစ္စည်းများကို သေချာပိုးသတ်ရန်လိုအပ်ပြီး စဉ်းတီတုံးနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ဆပ်ပြာရည်ပူပူဖြင့် သေချာဆေးကြောရမည်။ ဥအခွံပေါ်တွင် ကြက်ငှက်တို့၏အရည်များ ထိတွေ့နေနိုင်သဖြင့် စျေးမှဝယ်လာသော ဥများကို သေချာဆေးကြောပြီးမှ သိမ်းဆည်းကြပါရန် တိုက်တွန်းလိုက်ရပါသည်။

လူသားအားလုံး H5N1 ဗိုင်းရပ်စ်ပိုးအန္တရာယ်မှ ရှောင်ရှားနိုင်ကြပါစေ။ ။

ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၅၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၁၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၁၈,၃၃၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ တစ်ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၅၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

သိန်းနီမြို့ရှိ စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(သိန်းနီဟော်နန်း) ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့ရှိ စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(သိန်းနီဟော်နန်း) အား ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် သိန်းနီဟော်နန်းဖြစ်မြောက်ရေး ကော်မတီ ဦးဆောင်နာယက ဆရာတော်ကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက အဆိုပါ သိန်းနီဟော်နန်းတော်သို့ သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ ဆရာတော် အရှင်သူမြတ်တို့ ရွတ်ဖတ်သရဏာယ်တော်မူကြသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများအား လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သိန်းနီဟော်နန်း ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆောင်ရွက်ခဲ့ရာ ဟော်နန်းပြန်လည်တည်ဆောက်မှု ပူးပေါင်းဆောင်ရွက်ရေးကော်မတီမှအဖွဲ့ဝင်များ၊ တာဝန်ခံအင်ဂျင်နီယာများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သိန်းနီဟော်နန်းဖြစ်မြောက်ရေးကော်မတီ ဦးဆောင်နာယက ဆရာတော်ကြီးများ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက သိန်းနီဟော်နန်း ပြန်လည်တည်ဆောက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် သိန်းနီမြို့အဝင်ရှိ သိန်းနီနောင်ကန်တော်ကြီးတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟော်နန်းတည်ဆောက်ရေးနှင့် သိန်းနီနောင် ကန်တော်ကြီးနှင့် ပတ်ဝန်းကျင်သာယာလှပရေးအတွက် တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

(၇၃) ကြိမ်မြောက် ဖီဖာကွန်ဂရက်သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့တက်ရောက်

ရန်ကုန် မတ် ၁၆

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)၏ (၇၃) ကြိမ်မြောက် ကွန်ဂရက်ကို ယနေ့တွင် ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုဥက္ကဋ္ဌဦးပြည့်ဖြိုးတေ၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

(၇၃) ကြိမ်မြောက် ဖီဖာကွန်ဂရက်တွင် တက်ရောက်သည့် အဖွဲ့ဝင်နိုင်ငံများကို အတည်ပြုပြီး ဖီဖာ၏ မှတ်တမ်းများကို စိစစ်အတည်ပြုရန် စစ်ဆေးမည့်ကိုယ်စားလှယ်များအား ခန့်အပ်အတည်ပြုသည်။ ယင်းနောက် ဖီဖာအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဆိုင်းငံ့ခြင်းနှင့် ထုတ်ပယ်ခြင်းများပြုလုပ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ဖီဖာဥက္ကဋ္ဌရာထူး (၂၀၂၃-၂၀၂၇)ကာလ ရွေးကောက်ပွဲပြုလုပ်ခြင်း၊ ဖီဖာတစ်နှစ်တာ Report တင်ပြခြင်း၊ အဆိုပြုလွှာများ တင်ပြခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်ပြီး ဥက္ကဋ္ဌ အင်ဖန်တီနိုက နိဂုံးချုပ်အမှာစကား ပြောကြားကာ နောက်တစ်ကြိမ်ပြုလုပ်မည့် ဖီဖာကွန်ဂရက်အား သတ်မှတ်ခဲ့ကြောင်း သိရသည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

လွိုင်လင်မြို့နယ် တိဟေးကျေးရွာ၌ ဘက်စုံသုံးခန်းမဖွင့်ပွဲ ကျင်းပ

လွိုင်လင် မတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၇၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိဟေးကျေးရွာ ဘက်စုံသုံးခန်းမဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်တို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က တိဟေးကျေးရွာတွင် ဘက်စုံသုံးခန်းမ တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ကျေးရွာ ဘက်စုံသုံးခန်းမဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခန်းမအား ကြည့်ရှုစစ်ဆေးကြကာ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြသည်။

အဆိုပါဘက်စုံသုံးခန်းမသည် အလျားပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ပေ ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၂ သိန်း၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ပထမအပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ယယ**

ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မတ် ၁၆

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁၅-၃-၂၀၂၃ ရက်မှအဆက်

ကိုအေးဆွေသည် ပြောပြောဆိုဆို သူ၏ အင်္ဂျီအိတ်တွင်းမှ အိတ်ဆောင်မှတ်စုစာအုပ်ကလေးအကြားမှ ခဲတံလေးတစ်ချောင်းကို ဆွဲထုတ်ယူပြလိုက်ရင်း ဆိုလိုက်၏။

ခင်သန်းဌေးမှာ မိမိအမြတ်တနိုးထား၍သင်နေသော ယနေ့တက္ကသိုလ်ပညာရေးကို ယခုလို ကိုအေးဆွေက ရှုတ်ချပြောဆိုဝေဖန်လာသောအခါ အောင့်သက်သက်နှင့် အခံရတော့ ခက်လှသည်။ သို့သော် ကိုယ်က ဘာမျှပြန်မပြောတတ်။

"ဒါပေမဲ့ ဘယ်တက္ကသိုလ်ကမှ ဘာဘွဲ့ထူး၊ ဒီဂရီမှ မရခဲ့ဖူးတဲ့ ဘီလူးကျွန်းချောင်းဆုံက အတတ်ပညာရှင်များကတော့ မိမိကိုယ်ပိုင်ဥာဏ်နဲ့ ကိုယ့်ပြည်တွင်းထွက်ပစ္စည်းနဲ့ ကြိဖန်တီထွင်ပြီး လူတွေအတွက် တကယ်လိုအပ်မယ့် လူသုံးကုန်ပစ္စည်းများဖြစ်တဲ့ ကျောက်သင်ပုန်းတို့၊ သင်တုန်းဓား၊ စက်ကတ်ကြေးတို့၊ ဆန်စက်သုံး ရိုလာဘရိတ်တုံး၊ မော်တော်ယာဉ်သုံး ဘရိတ်လိုင်နာ၊ ပန်ကာကြိုး၊ စက်ဘီးတာယာ အစရှိတာတွေ ထုတ်လုပ်နိုင်သေးတယ် မဟုတ်လား"

"အင်း..." ကိုအေးဆွေ ပြောသလိုသည်လိုဆိုတော့လည်း ဝန်ခံရပေမည်။

"နောက်ပြီး ဒီနေ့ ဆေးကောလိပ်က ဆေးပညာဘွဲ့ရလာတဲ့ ဆရာဝန်တစ်ယောက်ဟာကော ကိုယ့်ပြည်တွင်းက ထွက်တဲ့ ဆေးမြစ်ဝါးမြစ် ဘယဆေးပစ္စည်းတွေနဲ့ တီထွင်ဖော်စပ်ပြီး ရောဂါတစ်မျိုးမျိုးအတွက် ကုတတ်လို့လား။ သူတို့ အရင်းရှင်နိုင်ငံတွေကလာတဲ့ ဆေးပုလင်း ဆေးဘူးက ဆေးညွှန်းကြည့်ပြီး သူတို့ဆီကလာတဲ့ ဆေးထိုးပိုက်နဲ့၊ ဓားနဲ့ ထိုးတတ်ရုံ၊ ခွဲတတ်ရုံကလွဲလို့ ဘာမျှားလုပ်တတ်လို့လဲ။ ဘယ်ဆရာဝန်တစ်ယောက်ကကော ဘယ်ရောဂါအတွက် ဘယ်လိုဆေးဝါးအသစ်တစ်ခုများ တီထွင်လို့အောင်မြင်ဖူးတယ်ဆိုတာ ကြားဖူးလို့လား။ အေးလေ ကျွန်တော်ပဲ ဗဟုသုတနည်းလို့ မကြားမိဘူးဆိုရင်တော့ မပြောတတ်ဘူး"

ဝေဖန်တတ်သူက ကျိုးကြောင်းပြ၍ ထောက်ပြ ဝေဖန်သွားသောအခါ ခင်သန်းဌေးမှာ ဝန်ခံထောက်ခံရမလိုဖြစ်သွားသည်။

"ဘီပီအိုင်က မြွေဆေးတွေ တီထွင်အောင်မြင်နေပြီ မဟုတ်လား"

ဤအချက်ကို ရုတ်တရက် သတိရ၍ ခင်သန်းဌေးက ကောက်မေးလိုက်သည်။

"ဟုတ်ပါတယ်လေ၊ ကျွန်တော်ဆိုလိုတာက ဘီပီအိုင် မပေါ်ခင် ၅၇ ခုနှစ်ရဲ့ ဟိုမှာဘက်ပိုင်းကို ဆိုလိုတာပါ"

ကိုအေးဆွေက ဤအချက်ကိုတော့ ချက်ချင်းဝန်ခံလိုက်သည်။

"အဲဒီတော့ စက်မှုလက်မှု သိပ္ပံဘွဲ့ရ အင်ဂျင်နီယာတစ်ယောက်ဟာ သူတို့ဆီကလာတဲ့ စက်ပစ္စည်းကိရိယာတွေကို အသုံးပြုတတ်ဖို့အတွက် တပ်ဆင်ရုံ၊ ဆောက်လုပ်ရုံ၊ ပျက်ရင်ပြင်ဆင်တပ်တတ်ရုံကလွဲလို့ ဘာမှမတတ်ဘူး။ ကိုယ့်ပြည်ထွက်ပစ္စည်းနဲ့ ကိုယ့်ပြည်တွင်းမှာ တီထွင်လုပ်နိုင် ထုတ်နိုင်အောင် မတတ်ဘူး။ တတ်အောင်လည်း သင်မပေးလိုက်ဘူး။

"ဒီတော့ အချုပ်ပြောရမယ်ဆိုရင် စာဖတ်တတ်၊ စာရေးတတ်၊ အင်္ဂလိပ်ကို အထင်ကြီးတတ်ဖို့ကလွဲရင် အခြားအတတ်ပညာဆိုလို့ ဘာမှသင်မပေးခဲ့ဘူး။ ကျွန်တော် စောစောက ပြောသလို ကျွန်သက် ရှည်သထက်ရှည်အောင်၊ သူတို့ အရင်းရှင်နိုင်ငံတွေက ထွက်တဲ့ ကုန်ပစ္စည်းတွေကို သုံးတတ် စွဲတတ်ရုံ အသုံးချတတ်ရုံနဲ့ တွင်ကျယ်စွာရောင်းဝယ်ဖြန့်ဖြူးနိုင်အောင်၊ အမြတ်ကြီးကြီးနဲ့ သွေးစုပ်ခြယ်လှယ်နိုင်အောင် ကာကွယ်စောင့်ရှောက်ပေးတယ်။ ကိုယ်စားလှယ်ကျွန်ယုံကြီးတွေပဲလို့"

ခင်သန်းဌေးမှာ ဤကဲ့သို့ လက်ရှိပညာရေးစနစ်အပေါ် ကိုအေးဆွေ၏ တွေးခေါ် ဝေဖန်ချက်များကို ကြားသိရသောအခါ အလွန်အံ့သြသွားသည်။ ယခင်က သူ့ထံမှ ယခုကဲ့သို့ စကားမျိုး မကြားဖူးခဲ့။ တစ်ဖက်ကလည်း သူ့အား အထင်ကြီးလာသည်။

"ဒါနဲ့ နေပါဦး၊ တစ်ချိန်ကတော့ ဒီပညာ အဲ အဲ၊ ကိုအေးဆွေအသုံးနဲ့ သုံးနှုန်းမယ် ဆိုရင် ဒီကျွန်ပညာကိုပဲ ဒီဂရီရအောင် သင်မယ်ဆိုပြီး လာခဲ့တာပဲမဟုတ်လား"

"ဟုတ်တယ်လေ၊ အရင်ကတော့ အမြင်မှန် မမြင်ခဲ့ဘူး။ ခုမှပဲ ဆရာကြီး ပြောတာ ဟုတ်ပါ့ကလားလို့ဆိုပြီး အမြင်မှန်ကို မြင်မိတယ်၊ ထောက်ခံမိတယ်။ ခုကြည့်လေ ကျွန်တော် အလုပ်လာရှာတယ်။ အောက်တန်းစာရေး မပြောနဲ့၊ မင်းစေ ဒရဝမ် အလုပ်ကလေးတောင် ပေးမယ့် ခန့်မယ့်လူမရှိလို့မရဘူး။ ဒါဟာ ဘာကြောင့်လဲလို့ဆိုရင် လွတ်လပ်တဲ့ နိုင်ငံဖြစ်ပေမဲ့ မမှန်ကန်တဲ့ ကျွန်ပညာရေး စနစ်ကြောင့်ပေါ့"

"ဒါဖြင့်ရင် မှန်ကန်တဲ့ပညာရေးစနစ်က ဘယ်လိုစနစ်လဲ၊ ရှိလို့လား"

ခင်သန်းဌေးက ဆတ်ခနဲ ကောက်မေးလိုက်၏။

"ခုတင်က ပြောခဲ့ပြီကော၊ ဆိုရှယ်လစ်ပညာရေးစနစ်ပါလို့။ အဲ အဲ နေပါဦး၊ ဒါနဲ့ စကားမစပ် ပြောရဦးမယ်။ ဟိုနေ့က ဆရာကြီးဦးလှဒင်ပေးတဲ့ စာထဲမှာ ပါတယ်။ ဒီနေ့ မြန်မာနိုင်ငံဟာ ဆိုရှယ်လစ် စီးပွားရေးစနစ်ဖြစ်တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နဲ့ နိုင်ငံကို ပြန်လည် တည်ဆောက်တော့မယ်ဆိုတော့ ဒီတစ်ဖက်က စီးပွားရေးအဆင့်မြှင့်ပေးသလို၊ ပြုပြင်ပြောင်းလဲပေးသလို အခြားတစ်ဖက်ကလည်း ပညာရေးကို အမြစ်ကလှန်ပြီး ဆိုရှယ်လစ်ပညာရေး စနစ်သို့ လုံးဝ အသွင်ကူးပြောင်းသင့်သတဲ့"

"ကိုင်း ဆိုစမ်းပါဦး ကိုအေးဆွေတို့ရဲ့ ဆိုရှယ်လစ်ပညာရေးစနစ်က ဘယ်လိုတွေများကောင်းနေလို့ ဒီလောက်တောင် ချီးကျူးနေရအောင်"

ခင်သန်းဌေးကလည်း ခပ်ငေါ့ငေါ့ဖြင့် ဝင်၍ ခနဲ့လိုက်ပြန်သည်။

ကိုအေးဆွေကမူ အပြုံးမပျက်ဘဲ အေးဆေးစွာဖြင့် ရှင်းပြပြန်သည်။

"ဒီလိုလေ၊ ဆိုရှယ်လစ်ပညာရေးစနစ်ဆိုတာ အချုပ်ပြောပြရရင် အသက်မွေးဝမ်းကျောင်းကိုယ်စီပါတဲ့ ပညာရေးစနစ်ပဲ။ ဆိုလိုတာက လူတိုင်းဟာ အရွယ်ရောက်လာလို့ ကျောင်းနေပြီး စာသင်လာရပြီဆိုရင် တစ်ဖက်က စာပေဆိုတဲ့ အသိဉာဏ်ပညာတွေးခေါ်မှု၊ ရင့်ကျက်မှု၊ ရေးတတ်မှု၊ ဖတ်တတ်မှုရှိအောင် စာပေပညာကို သင်ပေးသလို အခြားတစ်ဖက်ကလည်း ဘဝရပ်တည်နိုင်ရေးအတွက် လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်တဲ့ စက်မှု လက်မှု၊ စိုက်ပျိုးမှု၊ မွေးမြူမှု သိပ္ပံအတတ်ပညာတွေ၊ ဆေးဝါးထုတ်လုပ်ဖော်စပ်မှု သိပ္ပံအတတ်ပညာတွေ ကိုပါ တစ်ပါတည်း ပူးတွဲပြီးသင်ကြားပေးလေ့ရှိတယ်။

"သင်တဲ့နေရာမှာလည်း ဘာသာတစ်ရပ်ရပ်ကို ထူးချွန်ပြောင်မြောက်သွားအောင် သင်ပေးလေ့ရှိတယ်။ ကိုယ့်ပြည်၊ ကိုယ့်ရပ်၊ ကိုယ့်ဒေသက ထွက်တဲ့ ပစ္စည်းပစ္စယတွေနဲ့ လူတွေ တကယ်လိုအပ်တဲ့ လူသုံးကုန်ပစ္စည်း တစ်ခုခုထွက်နိုင်အောင်၊ တီထွင်ပြီး လုပ်တတ်အောင် သင်ပေးလေ့ရှိတယ်။

နောက်ပြီး ကျောင်းသားတစ်ယောက်ဟာ ကိုယ်ရောက်တဲ့ အတန်းက ထွက်တာနဲ့ သူနဲ့သင့်လျော်တဲ့ အသက်မွေးဝမ်းကျောင်း ပညာတစ်ခုကိုတော့ အခြေခံရအောင် သင်ပေးလိုက်တယ်။ ဥပမာ ၁၀ တန်း၊ ၇ တန်းထိပဲ သင်ချင်တယ်ဆိုတဲ့ ကျောင်းသားတစ်ယောက်ဟာ အဲဒီရောက်တဲ့အတန်းက ထွက်တာနဲ့ သူ့အဆင့်အတန်းနဲ့အညီ အသက်မွေးမှုအတွက် လူသုံးကုန်ပစ္စည်းတစ်ခုခုကို ထုတ်လုပ်နိုင်တဲ့ စက်မှုလက်မှုအတတ်ပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အတတ်ပညာ၊ ဆေးဝါးကုသရေး အတတ်ပညာ တစ်ခုခုကိုတော့ ပါသွားစမြဲပဲ။

"ဒီအထဲက ဉာဏ်ပညာထက်မြက်ပြီး တက္ကသိုလ်ထိအောင်၊ ဘာသာရပ်တစ်ခုခုကို ထူးချွန်အောင် ဆုံးခန်းတိုင်သင်ချင်တဲ့ ကျောင်းသားကျတော့လည်း လူတန်းစားမခွဲခြားရဘဲ၊ ငွေကြေးအတွက်လည်း အခက်အခဲမရှိစေရဘဲ အစိုးရက တာဝန်ယူ ဖန်တီးပေးလေ့ရှိတယ်။ ဆိုလိုတာက ဉာဏ်ပညာထက်မြက်ပြီး တက္ကသိုလ်ပညာထိ သင်ကြားလိုတဲ့ ကျောင်းသူ ကျောင်းသားတိုင်း နောက်ဆုံးဘွဲ့ ဒီဂရီပါမက ဘွဲ့လွန်ပညာရပ်များ ရတဲ့အထိ သင်ကြားဆည်းပူးလိုတဲ့ ကျောင်းသူကျောင်းသားတိုင်း သင်ကြားတတ်မြောက်နိုင်အောင် ဖန်တီးထားရမယ်။ ဒါမှလည်း နိုင်ငံကို အကျိုးပြုစေမယ့် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကာယဉာဏ အလုပ်သမား လူတော်လူကောင်းတွေဟာ ထူးချွန်ပြောင်မြောက်စွာ ထွက်ပေါ်လာနိုင်မှာပေါ့။ ခုတော့ မပြောပါနဲ့တော့"

ကိုအေးဆွေက သူ့စကားကို ဤတွင် ဖြတ်ထားလိုက်၏။ ခင်သန်းဌေးကလည်း ကိုအေးဆွေတစ်ယောက် ပယ်ပယ်နယ်နယ်ပြောတော့မည်ကိုသိ၍ နှစ်နှစ်ခြိုက်ခြိုက်လေး ပြုံးပြလိုက်၏။ ဤအပြုံးမှာ ကိုအေးဆွေ၏ယူဆချက်များကို သဘောကျထောက်ခံသည့်အပြုံး။ တစ်နည်းဆိုရချေသော် ဆိုရှယ်လစ်ပညာရေးစနစ်အပေါ် စိတ်ဝင်စားလာပေပြီ။

"ဒါဖြင့်ရင် ဒီနေ့ တော်လှန်ရေးအစိုးရက ဒီပညာရေးစနစ်ဟာ တိုင်းပြည်အတွက် အကျိုးမပြုမှန်းသိသားနဲ့ မပြုပြင်သေးဘူးလား"

"အဲဒါပြောတာပေါ့။ လွတ်လပ်ရေးရပြီး အစိုးရတွေသာ အဆက်ဆက်တော့ တက်လာပါရဲ့။ ဘယ်အစိုးရမှ အင်္ဂလိပ်နယ်ချဲ့ရဲ့အမွေအနှစ် ကျွန်ပညာရေးစနစ်ကို မပြုပြင် မပြောင်းလဲစေနိုင်ခဲ့သေးဘူး။ အဲ၊ အဲ ဒါနဲ့နေပါဦး။ တလောကတော့ ပညာရေးဌာနတာဝန်ခံ ဗိုလ်မှူးကြီး လှဟန်တို့၊ ဦးဘိုးသုန်တို့တော့ ဆိုရှယ်လစ်နိုင်ငံတွေလှည့်ပြီး ဆိုရှယ်လစ်ပညာရေး စနစ်အကြောင်းတွေတော့ လေ့လာပြီးပြန်လာပြီ။ ဘယ်လိုပညာရေးစနစ်ပုံစံ ပြောင်းဦးမယ်တော့ မသိသေးဘူး"

နှစ်ဦးသားမှာ အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားကြ၏။ ကိုအေးဆွေကလည်း ဆက်လက်မပြော။ ခင်သန်းဌေးကလည်း စောဒက တက်မလာပေ။ ကိုယ့်အတွေးဖြင့်ကိုယ် ဖြစ်နေကြသည်။

အတန်ကြာမှ ကိုအေးဆွေက ကြံ့ရည်သွားသောက်ကြရန်ပြောသဖြင့် နှစ်ဦးသား ထွက်လာကြလေသည်။

[၁၅]

ကြံ့ရည် သောက်ပြီးသည့်နောက် သူတို့နှစ်ဦး ပြန်လည်ရောက်ရှိနေသည့် နေရာမှာ စောစောကထိုင်ခဲ့သော နေရာတွင်ပင်ဖြစ်သည်။ ထိုနေရာသည် လိုဏ်ဂူတော်ကြီး၏ မြောက်ဘက်တွင် ဖြစ်သည်။ ချောင်ကျ၍ လူသူအရောက် အပေါက်နည်းလှသည်။ မြောက်လေကလေးသည် တဖြူးဖြူးတိုက်ခတ်နေသဖြင့် အေးမြလှသည်။ ကံ့ကော်ပန်းရနံ့ကလည်း သင်းပျံ့လှသည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း

"ခင်သန်းဌေးကလည်း ခပ်ငေါ့ငေါ့ဖြင့် ဝင်၍ခနဲ့လိုက်ပြန်သည်။ ကိုအေးဆွေကမူ အပြုံးမပျက်ဘဲ အေးဆေးစွာဖြင့် ရှင်းပြပြန်သည်။ "ဒီလိုလေ၊ ဆိုရှယ်လစ်ပညာရေးစနစ်ဆိုတာ အချုပ်ပြောပြရရင် အသက်မွေးဝမ်းကျောင်းကိုယ်စီပါတဲ့ ပညာရေးစနစ်ပဲ။ ဆိုလိုတာက လူတိုင်းဟာ အရွယ်ရောက်လာလို့ ကျောင်းနေပြီး စာသင်လာရပြီဆိုရင် တစ်ဖက်က စာပေဆိုတဲ့ အသိဉာဏ်ပညာတွေးခေါ်မှု၊ ရင့်ကျက်မှု၊ ရေးတတ်မှု၊ ဖတ်တတ်မှုရှိအောင် စာပေပညာကို သင်ပေးသလို အခြားတစ်ဖက်ကလည်း ဘဝရပ်တည်နိုင်ရေးအတွက် လူသုံးကုန်ပစ္စည်းတွေထုတ်လုပ်နိုင်တဲ့ စက်မှု လက်မှု၊ စိုက်ပျိုးမှု၊ မွေးမြူမှု သိပ္ပံအတတ်ပညာတွေ၊ ဆေးဝါးထုတ်လုပ်ဖော်စပ်မှု သိပ္ပံအတတ်ပညာတွေကိုပါ . . ."

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး- ၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒပုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၇၉. ၀၀	၃၂၀ ဆူ	၃၂၀	-
၂။	သာသနာ့ဝိဟာရ်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၉၁၄၄ သိန်း	၄၀၈၅၆ သိန်း
၃။	သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ	၂၉၇၀. ၀၀	၆	၅	၁
၄။	ဂေါပကရုံး(၄၈×၂၄×၂၉)ပေ	၄၈၁၀. ၀၀	၁	-	၁
၅။	မော်ကွန်းတိုက်(၃၂×၃၀×၃၂)ပေ	၈၀၇၉	၁	၁	-
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၆၅	၁	-	၁
၇။	အဝင်မုခ်ဦးငယ်(အနောက်ဘက်)	၁၂၂၀	၁	-	၁
၈။	ရွှေ့လျားစက်လှေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၄၅၄၃. ၁၀	၁	-	၁
	(ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း	၃၂၈၄. ၃၀	၁	-	၁
၉။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၁ ခု	၁၇ ခု
၁၀။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၂ တိုင်	၇ တိုင်
၁၁။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၇၂. ၀၀	၂၀၀ ခန်း	၉ ခန်း	၁၉၁ ခန်း
၁၂။	မြန်မာမှုတစ်ဖက်လှခြစည်းရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၉၃ ခန်း	၃၆၂ ခန်း
၁၃။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၁၅. ၀၀	၅၀ တိုင်	၅၀ တိုင်	-
၁၄။	လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင်	၁၀. ၀၀	၁၈၀ တိုင်	၁၈၀ တိုင်	-
၁၅။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇. ၀၀	၆၅၂ ခု	၁၄၄ ခု	၅၀၈ ခု
၁၆။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၅. ၄၀	၂၁၁၉. ၅၃ ကျင်း	၉၁ ကျင်း	၂၀၂၈. ၅၃ ကျင်း
၁၇။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၅၀	၂၁၈. ၁၄ ကျင်း	၂၉ ကျင်း	၁၈၉. ၁၄ ကျင်း
၁၈။	ကွန်ကရစ် ၈ လက်မထူခင်းခြင်း	၄. ၅၀	၅၉၁၀. ၆၆ ကျင်း	၃၁ ကျင်း	၅၈၇၉. ၆၆ ကျင်း
၁၉။	ကြွေပြား ၁ ကျင်းနှုန်း	၃. ၆၀	၁၇၃၆. ၀၈ ကျင်း	၃၂၉ ကျင်း	၁၄၀၇. ၀၈ ကျင်း
၂၀။	မုစလိန္ဒအိုင်	၂၂၇၃၁. ၀၂	၁	၅၃၄၅ သိန်း	၁၇၃၈၆. ၀၂ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအမြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလေ့ကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း)	၅. ၄၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(c) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၂၅. ၂၀	၄၃	-	၄၃
	(စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း				
	၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း	၅၄၀. ၀၀	၁	-	၁
	၂။ အပြင်ရေဆက်သွယ်ခြင်း	၃၂၀. ၀၀	၁	-	၁
၂၁။	ခြောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၁၉၃. ၀၀	၈၂ ခု	၃ ခု	၇၉ ခု
၂၂။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၂၀. ၀၀	၅၀၀ စုံ	၁၅၉ စုံ	၃၄၁ စုံ

၃။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၇၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀ ၂၀၁၇၀၀ ၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
(၃၁) ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှကျင်းပခဲ့သော ပါရဂူဘွဲ့၊ စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့၊ စိုက်ပျိုးရေးမဟာဒဿနဘွဲ့၊ စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာဘွဲ့နှင့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ စာမေးပွဲ အသီးသီးကို အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၃၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။
(၂၀၂၀ ခုနှစ် မတိုင်မီ ဘွဲ့ရရှိသူများ အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားနိုင်ပါသည်။)

(၁) လျှောက်လွှာပုံစံများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနမှ ရယူ၍ (သို့မဟုတ်) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ website www.yau.edu.mm မှ ယင်းပုံစံ (နှစ်မျက်နှာ)ကို ရယူပြီး ဖော်ပြပါ လျှောက်လွှာပုံစံအတိုင်း (A4-size) ကွန်ပျူတာရိုက်၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ပေးပို့လျှောက်ထားနိုင်သည်။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ရန်လျှောက်ထားပြီး ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက် ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးပါမည်။
(၂) လျှောက်ထားသူသည် (၁)လအတွင်း ရိုက်ကူးထားသော(၂ လက်မx၁.၅ လက်မအရွယ်) (ဓါတ်ပုံနောက်ခံအပြာနုရောင်) ရောင်စုံဓါတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲ၍ လျှောက်ထားရမည်။
(၃) လျှောက်ထားသူများသည် ဘွဲ့နှင်းသဘင်ကြေး တက်ရောက်ဘွဲ့အတွက် ၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ) နှင့် အဝေးရောက်ဘွဲ့အတွက် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ) ပေးသွင်းရမည်။
(၄) ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတို့တွင် မြန်မာ၀တ်စုံ၊ တိုင်းရင်းသား၀တ်စုံ၊ အနောက်တိုင်း၀တ်စုံ (အမျိုးသား)တို့အနက် နှစ်သက်ရာ၀တ်စုံကို အပြည့်အစုံ၀တ်ဆင်၍ တက်ရောက် ကြရမည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီမှုမရှိသော ၀တ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို လုံး၀ ခွင့်ပြုမည် မဟုတ်ပါ။
(၅) လျှောက်လွှာများနှင့် ဖော်ပြပါ မိတ္တူများကို (၁၈-၄-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဧရယျာဝတီရိမြို့နယ်၊ နေပြည်တော်စာတိုက်သေတ္တာအမှတ် ၁၅၀၁၃ (သို့မဟုတ်) E.mail လိပ်စာ yauexam@yau.edu.mm သို့ Scanned ဖတ်၍ ပေးပို့ လျှောက်ထားရမည်။
(၆) ဘွဲ့နှင်းသဘင်ကြေးကို လူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်ဖြင့်ဖြစ်စေ (သို့မဟုတ်) ရပ်ဝေးမှ ပေးပို့လိုသူများသည် သတ်မှတ် ဘွဲ့နှင်းသဘင်ကြေးကို စာတိုက် ငွေပို့လွှာဖြင့် ပါမောက္ခချုပ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ထံသို့ လိပ်မူပေးပို့၍ ငွေပို့လွှာ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင် အမည်၊ ဘွဲ့ရစာမေးပွဲ အောင်မြင်သည့် ခုံအမှတ်၊ ခုနှစ်၊ လ နှင့် နေရပ်လိပ်စာတို့ကို တိကျစွာ ဖော်ပြရပါမည်။
(၇) ဘွဲ့၀တ်စုံများကို ဘွဲ့နှင်းသဘင်ကြေး ပေးသွင်းပြီးကြောင်း ငွေရေးပြေစာ တင်ပြလျက် ဤတက္ကသိုလ်တွင် (၂-၅-၂၀၂၃)ရက်မှစ၍ ငှားရမ်း ထုတ်ယူနိုင်ပါသည်။
(၈) ဘွဲ့နှင်းသဘင်ကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်း၊ စည်းကမ်းအတိုင်း ကျင်းပနိုင်ရေးအတွက် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-
ကျင်းပမည့်နေ့ - ၂၀၂၃ ခုနှစ်၊ မေလ(၇)ရက်၊ တနင်္လာနေ့
ကျင်းပမည့်အချိန် - နံနက်(၈:၀၀)နာရီ
အစမ်းလေ့ကျင့်မည့်နေ့ရက် - ၂၀၂၃ ခုနှစ်၊ မေလ(၆)ရက်၊ စနေနေ့
အစမ်းလေ့ကျင့်မည့်အချိန် - နံနက် (၈:၀၀)နာရီ
ကျင်းပမည့်နေရာ - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ
(၉) အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန (ဖုန်း-၀၆၇-၃၄၁၆၆၈၇)နှင့် E-mail လိပ်စာ yauexam@yau.edu.mm သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ထို့အပြင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ website www.yau.edu.mm သတင်းတွင်လည်း ရှာဖွေကြည့်ရှုနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ကျင်းပရေးဗဟိုကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ် (သကတ-၂)၊ လူနေရုပ်ကွက်အမှတ် (၇)၊ အောင်ဘောဂလမ်း၊ မြေကွက်အမှတ် (၁၀၂၈/က)၊ မြေကွက်အကျယ် (၂၀ x ၆၀)ပေ၊ (၁၂၀၀)စတုရန်းပေ(၀.၂၇၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်သူ ဒေါ်ငြေးငြေးရင် [၁၄/ပတန(နိုင်)၀۷၄۷۲۲] မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော အထောက်အထားမူရင်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ဝင်းသူစော
[၁၄/အဂပ(နိုင်)၁۷၇၀၁၅]

ညွှန်ကြားချက်အရ-
ဒေါ်ကြည်ကြည်လှိုင် (LL.B)
တရားလွတ်တော်ရှေ့နေ (စဉ် - ၁၂၂၀၁)
အမှတ် (၂၃၁)၊ ၄ဝါလမ်း၊ စော/မြောက်ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၃၅၅ဖြ၃၃၁၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ် ၂၉ (သားသတ်)၊ မြေကွက်အမှတ် ၇/ဆ ဧရိယာ(၂.၂၅)ဧက မြေကွက်တည်နေရာအမှတ်-၅၂၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ မသန်းလှ(BQ-၀၁၉၂၅၈) အမည်ပေါက် B-လ/နှ ၃၉ မြေပိုင်မြေအား အမည်ပေါက် မသန်းလှ(မိခင်)သည် (၅-၈-၂၀၂၁)ရက်နေ့တွင် လည်းကောင်း၊ ဦးဟန်ရှိန်(ဖခင်)သည်(၂၁-၉-၁၉၉၉)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ကြောင်း၊ မိဘများတွင် ဦးမောင်မောင်သန်း၊ ဒေါ်အေးအေးဟန်၊ ဒေါ်မိုးမိုးဟန်၊ ဦးအောင်အောင်ဟူ၍ သားသမီး (၄)ဦးသာ မွေးဖွားကြောင်း အခြားကိတ္တိမ မွေးစားသားသမီး မရှိကြောင်း၊ ညီအစ်ကို မောင်နှမများအနက် ဦးအောင်အောင်သည်(၁၈-၁၀-၂၀၁၇)ရက်နေ့တွင် လူမျိုးကြီးဘဝဖြင့် အမွေဆက်ခံသူ တစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခြင်းမရှိဘဲ ကွယ်လွန်သွားကြောင်း၊ အဆိုပါ မြေကွက်ကို ၎င်းတို့မောင်နှမ (၃)ဦးကသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်၍ ဦးမောင်မောင်သန်း[၁၂/အစန(နိုင်)၁۷၃۷၄၀၉]၊ ဒေါ်အေးအေးဟန်[၁၂/ အစန(နိုင်)၀၁၀၃၇၁]၊ ဒေါ်မိုးမိုးဟန်[၁၂/အစန(နိုင်)၀၁၀၀၆၅]]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၉၇/၂၀၂၃ (၁၆-၁-၂၀၂၃)ဖြင့် ရရှိသူ ဦးခင်မောင်အေး[၁၂/ပဘတ(နိုင်)၀၂၇၉၇၈]မှ တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့် ကျမ်းကျိန် လွှာ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရှုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စာချုပ်၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၈၉၇/၂၀၂၃ (၁۷-၁-၂၀၂၃)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းဖြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဗဟိုလမ်းနှင့် ပန်းတနော်လမ်းထောင့်၊ တိုက်အမှတ်(၁۷၆)။ (၈)လွှာ၊ ခေါင်းရင်းခန်း(၁၅၀ x ၅၅)ပေ)အကျယ်အဝန်းရှိ အခန်းတစ်ခန်းကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသန်း[၁၂/စခန(နိုင်)၀၁၀၀၀၇၃]မှ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထူးထူးလှိုင်(LL.B; D.M.L)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၁၃၈၂)
အမှတ်(၁၄)၊ ရန်ဖြေ(၁၈)လမ်း/အနောက်၊
၃/ရန်ဖြေရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၀၆ဖ၃၈၅၇

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-သောင်ကြီးမြောက်(၆)။ မြေကွက်အမှတ်-၃၇(၁)။ (၁၃)ရပ်ကွက်၊ လှိုင်သရဖီလမ်းဟုခေါ်တွင်သော ဒေါ်စောရှင်အမည်ပေါက်ပါမစစ်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (အလျား ၁၀၀၀x၈ပေ)ရှိ အမှတ်-၃၆(က)နှင့် ကပ်လျက်ဘက်အခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော အဆောက်အဦးအပါအဝင် ၎င်းတို့နှင့် စပ်လျဉ်းသော မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်ချိုချိုစန်း[၁၄/ဓနဖ(နိုင်)၁၀၄၆၆၆]မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးမင်းမင်းသိမ်	**ဒေါ်နှင်းယုယဖြိုး**
(LL.B, D.B.L, D.I.L, D.M.L)	**(LL.B,LL.M)**
တရားလွတ်တော်ရှေ့နေ(စဉ်-၁۷၅၃၇)	**အထက်တန်းရှေ့နေ(စဉ်-၅၁၅၆၇)**

The Solution Power Law Firm-
အမှတ်(၉၃၆)၊ ရှေ့နှင်းဆီ(၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၀၉၈၉၉၄၂ ၀၉-၇၉၅၂၀၉၃၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

